မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၂)၊အမှတ်(၁၅၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘူလ်ဂေးရီးယားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၃

၂၀၀၅ခုနှစ် မတ် ၃ရက်တွင် ကျရောက်သည့် ဘူလ်ဂေးရီးယား သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘူလ်ဂေးရီးယား သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျော်ဂျီ၊ ပါဗာနော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်းစစ်ဆေး မြို့တော်နေပြည်သူများ သောက်သုံးရေလုံလောက်ရန်နှင့် ကျန်းမာရေးညီညွတ်စေရန်ဆောင်ရွက် လုပ်ငန်းများဆောင်ရွက်ရာတွင် လေလွင့်ပြုန်းတီးမှုမရှိစေရန် စနစ်တကျလုပ်ဆောင်ရေးမှာကြား

ရန်ကုန် မတ် ၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်ကော်မတီဝင် ဗိုလ်မှူးကြီးတင်စိုး လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) တည်ဆောက်နေမှု လုပ်ငန်းအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် လှည်းကူးမြို့နယ် ကလီထော်(အနောက်)ကျေးရွာအနီး ငမိုးရိပ်ချောင်းဖြတ် ရေငုပ်ပြွန်(syphon) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနမှူးများနှင့် စီမံကိန်းမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရှင်းလင်းဆောင်၌ အတွင်းရေးမှူး(၁)အား မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ငမိုးရိပ်ဆည် ပင်မတူးမြောင်းမှ ရေသွယ်ယူရန် ရေခေါ်တူးမြောင်း ဖောက်လုပ်ခြင်း၊ ရေတွန်းစက်ရုံ၊ အနယ်ကြိုထိုင်ကန်၊ ရေစစ်ကန်၊ ရေစုကန်၊ လျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်နေမှုနှင့် လျှပ်စစ်ဓာတ်အား သွယ်ယူမည့်လုပ်ငန်းများကိုလည်းကောင်း၊ ကော်မတီဝင် ဗိုလ်မှူးကြီးတင်စိုးက ငမိုးရိပ်ချောင်းဖြတ် ရေငုပ်ပြွန် တည်ဆောက်နေမှု လုပ်ငန်းအဆင့်ဆင့်နှင့် အချင်း ၇၆ လက်မရှိ သံမဏိပိုက်များ ထုတ်လုပ်အသုံးပြုဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် လှည်းကူးမြို့နယ် ကလီထော်(အနောက်)ကျေးရွာအနီး ငမိုးရိပ်ချောင်းဖြတ် ရေငုပ်ပြွန် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့တော်စည်ပင်)

နေ့စဉ်ရေဂါလန် သန်း ၁၄၀ ထပ်မံဖြည့်တင်းပေးသွားမည်

ရန်ကုန်မြို့တော် ရေပေးဝေရေး စီမံကိန်း(ငမိုးရိပ်)လုပ်ငန်းတစ်ခုလုံး ပြီးစီးပါက ရန်ကုန်မြို့တော်သို့ နေ့စဉ် ပေးဝေလျက်ရှိသည့် ရေဂါလန်၉၅သန်း အပြင် နေ့စဉ်ရေဂါလန် သန်း ၁၄၀ ထပ်မံဖြည့်တင်းပေးသွားနိုင်မည်။

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၄၉ အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ မတ်လ ၃ ရက်)

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ရှေးရှုဆောင်ရွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဖော်ဆောင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံသူ နိုင်ငံသား ပြည်သူများအားလုံး၏ လူမှုဘဝခိုင်မာမြင့်မားစေရေးနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးတို့အတွက် အထူးဝါယမစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရေးတွင် အမျိုးသားစီးပွားရေးဘဝ တိုးတက်မြင့်မားတောင့်တင်းခိုင်မာရေးသည် အခြေခံကျသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။ အမျိုးသားစီးပွားရေးဘဝတောင့်တင်းခိုင်မာရေးတွင် လယ်ယာကဏ္ဍ တိုးတက်အောင်မြင်ဖြစ်ထွန်းရေးသည် ပဓာနကျလျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေ၊ မြေ၊ သဘာဝသယံဇာတ စွမ်းအားများကို အစွမ်းကုန် ဖော်ထုတ်မြှင့်တင်ခြင်း၊ စက်မှုစွမ်းအား အသုံးပြုခြင်း၊ စိုက်ပျိုးမြေတိုးချဲ့ရေးနှင့် သီးနှံစိုက်စွမ်းအား တိုးတက်အောင်ဆောင်ရွက်ခြင်းတို့ကို နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၀၅ခုနှစ် တောင်သူလယ်သမားနေ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သည့် သဝဏ်လွှာ၌–

"နိုင်ငံတော်က လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေး၊ တောင်သူလယ်သမားကြီးများ မှီတင်းနေထိုင်ရာ ကျေးလက်ဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်ပေးနေသည့် အခြေအနေအချိန်အခါကောင်းတွင် တောင်သူလယ်သမားကြီးများကလည်း မိမိတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးနှင့် နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုရည်မှန်းချက်များ ပြည့်ဝအောင်မြင်ရေးအတွက် ကြိုးစားလုပ်ကိုင် ဆောင်ရွက်ကြရန်"

ဟူ၍ ဖော်ပြပါရှိသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးတွင် အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတာတမံ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများကို နိုင်ငံတော်ဘဏ္ဍာငွေ အမြောက်အမြားကျခံသုံးစွဲ၍ တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ဆောက်ပေးလျက် ရှိသည်။

ထို့ကြောင့် ၁၉၈၈ ခုနှစ်မှစ၍ ယနေ့အချိန်အထိ ဆည်မြောင်းတာတမံပေါင်း ၁၇၁ခုကို နိုင်ငံတော်ဘဏ္ဍာငွေ ကျပ်သန်းပေါင်း ၈၉၄၀၀ခန့် အကုန်အကျခံတည်ဆောက်ပေးခဲ့ပြီး လယ်ယာမြေဧက၂ ဒသမ ၃သန်းကျော်ကို အကျိုးပြုလျက်ရှိသည်။ ဆက်လက်၍လည်း ဆည်မြောင်းတာတမံစီမံကိန်းပေါင်း ၃၆ ခုကို တည်ဆောက်နေဆဲ ဖြစ်သည်။

စိုက်ပျိုးရေရရှိရေးလုပ်ငန်းတွင် မြစ်ရေတင်စီမံကိန်းများ ဖြည့်စွက်ဆောင်ရွက်နိုင်ခဲ့သဖြင့် နိုင်ငံအနှံ့ မြစ်ရေတင်လုပ်ငန်းပေါင်း ၂၇၁ခု ဖြစ်ထွန်းလာခဲ့ပြီး လယ်ယာမြေဧက သုံးသိန်းကျော်ကို တစ်ကွင်းတစ်စပ်တည်း အကျိုးပြုလျက်ရှိနေပြီ ဖြစ်သည်။

ယင်းကဲ့သို့ နိုင်ငံတော်အစိုးရက စိုက်ပျိုးရေတိုးတက်ရရှိရေးကို ဘက်ပေါင်းစုံမှ ကြံဆ၍ နိုင်ငံနှင့်အဝန်းတွင် စီမံဆောင်ရွက်ပေးခဲ့ခြင်း၊ သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ရန် အဘက်ဘက်မှ ပံ့ပိုးကူညီပေးခြင်းစသည်တို့ကြောင့် နွေစပါးအပါအဝင် တစ်နှစ်ပတ်လုံး သီးနှံစိုက်ပျိုးနိုင်မှု အခြေအနေကောင်းများဖြစ်ထွန်းလာသည်။ ထို့ကြောင့် သီးနှံစိုက်ပျိုးသည့်ဧရိယာများ တိုးပွားများပြားလာခြင်းနှင့်အတူ သီးနှံစိုက်စွမ်းအား၁၅၁ရာခိုင်နှုန်းအထိ တိုးတက်မှုရှိလာကာ စုစုပေါင်းစိုက်ဧက ၄၁ ဒသမ ၃ သန်းအထိ ဖြစ်ထွန်းနေပြီဖြစ်သည်။

သို့ဖြစ်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါဖြင့် အစွန့်ရှည်စွာတည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရှေးရှုလျက် နိုင်ငံတော်၏အဓိက စီးပွားရေးကဏ္ဍကြီးဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် တောင်သူလယ်သမားကြီးများက တိုင်းရင်းသားပြည်သူများနှင့်အတူ ဆက်လက်လက်တွဲကြိုးပမ်း အကောင်အထည်ဖော်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျောက်ဆည်မြို့တွင်း လမ်း၁၄လမ်း ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပြီးစီး

ရန်ကုန် မတ် ၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်သည် ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဦးကျော်၊ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၈ရက် နေ့လယ်ပိုင်းက ကျောက်ဆည်မြို့သို့ ရောက်ရှိပြီး မြို့သာယာလှပရေးနှင့် စည်ပင်သာယာရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူး ချုပ်နှင့်အဖွဲ့သည် မြို့သန့်ရှင်းသာယာရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့တော်ခန်းမဘေးလမ်းတစ်လျှောက် ပလက်ဖောင်းနှင့် အုတ်ရေမြောင်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ မြို့ပေါ်ရပ်ကွက်များဖြစ်သည့် ဘောဂဝတီ၊ ဈေးတန်း၊ စုကြီး၊ ပြည်လုံးနိုင်၊ မင်းရပ် ရပ်ကွက်များ၊ ရန်ကုန်–မန္တလေး လမ်းမကြီးနှင့် ကျောက်ဆည် စက်မှုဇုန်တို့အား အဓိက ဆက်သွယ်ပေးထားသည့် မင်းရဲမြောင်းကူးကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှု အခြေအနေအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်သည် လမ်းပန်းဆက်သွယ်မှု ချောမွေ့စေရေး မြို့အင်္ဂါရပ်နှင့်အညီ မြို့တွင်းလမ်း ၁၄ လမ်းအား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပြီးစီးမှု အခြေအနေအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းကာ လုပ်ငန်းများ အလေ့အလွင့် နည်းပါးစွာဖြင့် အရည် အသွေးပြည့်မီအောင် အလေးထား ဆောင်ရွက်ရေးမှာကြားသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၂၅ ရက်က ဒေါပုံမြို့နယ် ဆေးစက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ရောင်ခြည်ဦး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်တင်ရီနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းမြတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဖေဖော်ဝါရီ ၉ ရက်က အလုံမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း စာကြည့်ခန်းမတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ ကျောင်းအုပ် ဆရာမကြီးဒေါ်သူသူဝင်းနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်မမတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြား

၃–၃–၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
Rule of Natural Justice (Administrative)
(စတုတ္ထနှစ်–ဥပဒေ)
၅:၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း (အပိုင်း–၂၇)
၆:၅၀ ၁၇။ လျှပ်တစ်ပြက်
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အင်တာနက်ချစ်သက်လျာ"** (အပိုင်း–၁၇)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ မြန်မာ့ရှုခင်း
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟောဝန်က သိုင်းလုလင်"** (အပိုင်း–၄)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီ တပ်မတော်တည်ဆောက်ရေး။

တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် မန္တလေး စီတီးဟိုတယ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

ရန်ကုန် မတ် ၂

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ရဲမြင့်နှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်တို့သည် ဖေဖော်ဝါရီ ၂၈ ရက်နံနက်ပိုင်းတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆လမ်း နှင့် ၂၇ လမ်းထောင့်ရှိ မန္တလေးစီတီးဟိုတယ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်

ဖွင့်ပွဲ အခမ်းအနားတွင် ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က စီတီးဟိုတယ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဘုန်းဇော်ဟန်နှင့် ဟိုတယ်လုပ်ငန်းရှင် ဦးလှအောင်တို့က စီတီးဟိုတယ်ကိုဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဟိုတယ်အတွင်း လှည့်လည် ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည်တာဝန်ရှိသူများ လိုက်ပါလျက် မိတ္ထီလာမြို့ရှိ မိတ္ထီလာဟိုတယ်သို့ ရောက်ရှိပြီးမိတ္ထီလာဟိုတယ် ပြန်လည်ပြုပြင် တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကိုမှာကြားသည်။

ဖြည့်စွက်မှာကြား

ထို့နောက်ဝန်ကြီးသည် မိတ္ထီလာ၊ မလှိုင်၊တောင်သာနှင့် မြင်းခြံမြို့များရှိ ဆက်သွယ်ရေးစခန်းများသို့သွားရောက်၍ ဒေသအတွင်း ဆက်သွယ်ရေးစနစ်ကောင်းမွန်အောင် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်စွက်မှာကြား ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဝန်ကြီးသည် ပုဂံ–ညောင်ဦးမြို့ရှိ ပုဂံနန်းမြင့်မျှော်စင်နှင့် ဟိုတယ်စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိ၍ တည်ဆောက်ပြီးစီးမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီးအချိန်မီပြီးစီးရေး၊ အရည်အသွေးကောင်းမွန်ရေးနှင့် လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံ နားရက်ဖြစ်သည့် တောင်သူလယ်သမားနေ့တွင် အမျိုးသားညီလာခံကိုယ်စားလှယ်များ စားပွဲတင်တင်းနစ်ကစားနေကြစဉ်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဦးညာဏ်ဝင်း ဘူလ်ဂေးရီးယားနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၃

၂၀၀၅ခုနှစ် မတ် ၃ ရက်တွင် ကျရောက်သည့် ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်းထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆိုလိုမွန်၊ ပါစီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

တရားတော်များဟောကြားမည်

ရန်ကုန် မတ် ၂

မြောက်ဥက္ကလာပ ပုပ္ပား (၃) ကျောင်းမှ နယ်လှည့်ဓမ္မကထိက ရဲဦးဆရာတော် အရှင်နန္ဒာသီရိသည် ၁၃၆၆ခုနှစ် တပေါင်းလဆန်း ၄ ရက်မှ ၁၀ရက်အထိ စကားလွန်းရွာ ဘိုကလေးမြို့၌လည်းကောင်း၊ တပေါင်းလပြည့်ကျော် ၁ရက်မှ ၇ ရက်အထိ ဇေတဝန်ကျောင်း မငေးကြီးရွာ ဒေးဒရဲမြို့တို့တွင်လည်းကောင်း မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။**(က–ပ)**

အမျိုးသားညီလာခံကိုယ်စားလှယ်များ ညီလာခံနားရက် ကျန်းမာပျော်ရွှင်စွာအပန်းဖြေအနားယူ

ရန်ကုန် မတ် ၂

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံ နားရက်ဖြစ်သည့် ယနေ့(တောင်သူလယ်သမားနေ့)တွင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ညောင်နှစ်ပင်စခန်း၌ပင် ကျန်းမာပျော်ရွှင်စွာဖြင့် အပန်းဖြေအနားယူလျက်ရှိကြသည်။

အားကစားလှုပ်ရှား

ယင်းသို့အပန်းဖြေလျက်ရှိရာတွင် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် နံနက်စောစောနှင့် ညနေခင်းတို့တွင် ကိုယ်လက်လှုပ်ရှားလမ်းလျှောက်ကြသည့်အပြင် ကိုယ်ကာယကြံ့ခိုင်ကျန်းမာရေးအတွက် မိမိတို့ဝါသနာပါရာ အားကစားနည်းအလိုက် ဘော်လီဘောကစားခြင်း၊ ဝိုင်းဖွဲ့ ခြင်းခတ်ခြင်း၊ ဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း၌ ဂေါက်သီးရိုက်လေ့ကျင့်ခြင်း၊ အားကစားရုံ၌စားပွဲတင်တင်းနစ်ကစားခြင်း၊ ကြက်တောင်ရိုက်ခြင်း၊ စက်ကိရိယာများဖြင့် ကိုယ်ကာယလေ့ကျင့်ခြင်းတို့ဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ အားကစားလှုပ်ရှားကြသည်။

အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ပြည်နယ်နှင့်တိုင်း အသီးသီးနှင့် နယ်စပ်တောင်ပေါ်ဒေသ ပြည်ထောင်စုတစ်ဝန်းမှ လာရောက်ဆုံစည်းကြပြီး အနာဂတ်နိုင်ငံတော်အရေးကို စိတ်အားထက်သန်စွာ ဆွေးနွေးညှိနှိုင်းတိုင်ပင်လျက်ရှိကြရာ ယခုကဲ့သို့ ညီလာခံနားရက်တွင် လက်ဖက်ရည်ဆိုင်၌ လည်းကောင်း၊ အိပ်ဆောင်၊ ဧည့်ခန်းများ၌လည်းကောင်း ဝိုင်းဖွဲ့၍ စကားစမြည် ပြောဆိုကြကာ ဒေသအတွေ့အကြုံများကို ဖလှယ်ကြရင်း အပန်းဖြေကြသည်။

ဝယ်ယူအားပေး

ထို့အပြင် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ညောင်နှစ်ပင်စခန်းအတွင်း ဖွင့်လှစ်ထားရှိသော သက်သာချောင်ချိရေးအရောင်းဆိုင်များကရောင်းချပေးလျက်ရှိသည့် အသုံးအဆောင်ပစ္စည်းများ၊စာအုပ်၊ စာစောင်၊ မှတ်စုစာအုပ်များကို ဝယ်ယူအားပေးကြသည်။

အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန် စာအုပ်အငှားဆိုင်မှ ဘာသာရေးစာအုပ်များ၊ ဘာသာပြန်စာအုပ်များ၊ လစဉ်ထုတ် မဂ္ဂဇင်းများ၊ အပတ်စဉ်ထုတ် ဂျာနယ်၊ စာစောင်များ စသည့် သုတ၊ရသ စာအုပ်များကို ငှားရမ်းဖတ်ရှုကြသည့်အပြင် အိပ်ဆောင်များ၌ တပ်ဆင်ထားရှိသော ရုပ်မြင်သံကြား Channel Line များမှ MRTV၊ MRTV-3၊MRTV-4 ၊ MWD၊ HBO၊ CNN၊ Star Sport စသည့် ကမ္ဘာ့သတင်း၊ မြန်မာ့သတင်း၊ အားကစားသတင်းနှင့် ရသစုံလင် ကြည့်ချင်ဖွယ်ရာများကို ကြည့်ရှုရင်း အပန်းဖြေအနားယူလျက်ရှိကြသည်။

(သတင်းစဉ်)

စစ်ကြောင်းကြီးများတည်းခိုရာစခန်းအသီးသီး၌ အငြိမ့်၊တေးဂီတနှင့်ရုပ်ရှင်ဇာတ်ကားတို့ဖြင့်ဖျော်ဖြေ

ရန်ကုန် မတ် ၂

နှစ်(၆၀)ပြည့် တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများတည်းခိုရာ စခန်းအသီးသီး၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် ယမန်နေ့ည ၇နာရီတွင် ဖျော်ဖြေမှုအစီအစဉ်များပြုလုပ်ရာ အမှတ်(၁)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း (ဘုရင့်နောင်)ရှိ အနော်ရထာစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်းတို့၌ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်စင်တင်တေးဂီတအဖွဲ့နှင့်အတူ စတူဒီယိုတေးသံရှင်များကလည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်းရှိ အောင်ဆန်းစစ်ကြောင်း၌ အမှတ်(၁)နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲက အငြိမ့်၊ အဆို၊အက၊ဟာသများဖြင့်လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် နယ်မြေခံတပ်ရင်းရှိ ဆင်ဖြူရှင်စစ်ကြောင်း၌အမှတ်(၂)နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲက အငြိမ့်၊အဆို၊အက၊ဟာသများဖြင့်လည်းကောင်း၊ ရေဝတီရေတပ်စခန်းဌာနချုပ်ရှိ နဝဒေးစစ်ကြောင်း၌ “ဆန်ရေ” မြန်မာရုပ်ရှင်ဇာတ်ကားဖြင့်လည်းကောင်း အသီးသီး ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါဖျော်ဖြေတင်ဆက်မှုများကို စစ်ကြောင်းကြီးများမှ စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများနှင့် အရာရှိစစ်သည်များက ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ခုနှစ် တပို့တွဲလပြည့်ကျော် ၈ ရက် (ဥပုသ်နေ့)
၃–၃–၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၁၀	၆။	အကပဒေသာ
၈:၂၀	၇။	ဘိုင်းဒါးရေလျှောင်တမံ
၈:၃၀	၈။	International News
၈:၄၅	၉။	Let's Go

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everday Use
၁၆:၄၅	၄။	တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) (သတ္တဗေဒ)
၁၇:၁၅	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇:၃၀	၇။	တေးဂီတအစီအစဉ်
၁၇:၄၅	၈။	**“အန္တရာယ်ဆိုတာလက်တစ်ကမ်းမှာ”** စိုးသူ၊ နန်းကလျာလှိုင်၊ ကျော်မင်းနောင်၊ကောင်းချန်သစ်၊ယင်းမာ (ဒါရိုက်တာ–စောစန္ဒာလှိုင်)
၁၇:၅၅	၉။	မြန်မာစာ မြန်မာစကား
၁၈:၁၀	၁၀။	နိုင်ငံအဝန်း သစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်
၁၈:၂၀	၁၁။	တေးဂီတအစီအစဉ်
၁၈:၃၀	၁၂။	ညနေခင်းသတင်း
၁၉:၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်သောညီမ”** (အပိုင်း–၁၁)
၁၉:၃၅	၁၅။	နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉:၄၅	၁၆။	**အမျိုးသားညီလာခံဂုဏ်ပြုတေး**
၂၀:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	မြန်မာဗီဒီယိုဇာတ်လမ်း **“ကောင်းကင်ရဲ့အဖော်” (အပိုင်း–၁)** ဒွေး၊ နန္ဒာလှိုင်၊ မြတ်ကေသီအောင်၊ လင်းဇာနည်ဇော်၊ မြသန္တာလီ၊ ရတနာခင် (ဒါရိုက်တာ–မောင်ဗေဒါ)
	၂၁။	မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်

ထိုင်းပညာရေးစနစ်တိုးမြှင့်ရန် ငွေကြေးရန်ပုံငွေပိုမိုပေးမည် နှီးနှောဖလှယ်ပွဲတွင် ဝန်ကြီးချုပ်သက်ဆင်ကတိပြု

ဗန်ကောက် ဖေဖော်ဝါရီ ၂၈

ထိုင်းနိုင်ငံ၏ ပညာရေးစနစ်ကို တိုးမြှင့်သွားရန်အတွက် ငွေကြေးရန်ပုံငွေ ပိုမိုပေးသွားမည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်ထရာက ကတိပေးလိုက်သည်ဟု ထိုင်းသတင်းဌာနက သတင်းဖော်ပြသည်။

ခွန်ခိန်ပြည်နယ်၌ သောကြာနေ့က ပြုလုပ်သော နှီးနှောဖလှယ်ပွဲတွင် ငါးနှစ်အတွင်း ထိုင်းနိုင်ငံ၏ ပညာရေးစနစ်တိုးတက်စေရန်အတွက် ဘတ်ငွေ ၁၀၀ ဘီလီယံ(အမေရိကန်ဒေါ်လာသန်း ၂၃၈၀)ကို သီးသန့်ဖယ်ထားမည် ဖြစ်ကြောင်း သက်ဆင်ကပြောကြားခဲ့သည်။

ဖယ်ထားမည်

ဘတ်ငွေ ၄၀ဘီလီယံ(ဒေါ်လာ၉၅၂သန်း)ကို ကျောင်းအဆောက်အအုံသစ် ၁၅၀၀၀နီးပါး ဆောက်လုပ်ရန်နှင့် ရှိပြီးကျောင်း အဆောက်အအုံများ ပြင်ဆင်ရန် ရည်ရွယ်လျက် သီးသန့်ဖယ်ထား မည်ဖြစ်သည်။

အစိုးရကျောင်းများအားလုံး၌ ကွန်ပျူတာများရှိမည်ဖြစ်ပြီး နှစ်နှစ်အတွင်း နှုန်းမြင့်အင်တာနက် အချိတ်အဆက်များရှိမည်ဟု ဝန်ကြီးချုပ်၏ ပြောဆိုချက်ကို သတင်းဌာနက ကိုးကားဖော်ပြခဲ့သည်။

အာမခံချက်ပေး

ထို့ပြင် ထိုင်းအာဏာပိုင်များသည် မသန်မစွမ်းဖြစ်သည့် ကလေးငယ်များကိုလည်း ကျောင်းနေခွင့်ရှိစေရန် အာမခံချက်ပေးကြမည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ



ဂျပန်နိုင်ငံ တိုကျိုမြို့တွင် အီလက်ထရွန်းနစ်ကုမ္ပဏီတစ်ခုက ထုတ်လုပ်ထားသည့် မိနစ်၃၀ အတွင်း ကင်ဆာရောဂါအပါအဝင် အခြားရောဂါတစ်မျိုးမျိုးကို ရှာဖွေပေးနိုင်သည့် ပလတ်စတစ်ချစ်(ပ်)ပြားလေးတစ်ခုအား ဝန်ထမ်းတစ်ဦးက ပြသနေသည်ကို ဖေဖော်ဝါရီ ၂၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဘက်ပေါင်းစုံဆောင်ရွက်သော ဂြိုဟ်တု အာကာသထဲသို့ ဂျပန်နိုင်ငံလွှတ်တင်

တိုကျို ဖေဖော်ဝါရီ ၂၈

ဂျပန်နိုင်ငံသည် ဘက်ပေါင်းစုံဆောင်ရွက်သော ဂြိုဟ်တုတစ်လုံးကို တာနီဂါရှီမာ အာကာသစခန်းတွင် အိပ်ချ်-၂ အေဒုံးပျံဖြင့် စနေနေ့က အာကာသထဲသို့ လွှတ်တင်လိုက်သည်။

ရွှေ့ဆိုင်း

အဆိုပါဒုံးပျံကို ည ၆နာရီ ၂၅မိနစ်၌ လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး ဒုံးပျံနှင့် ထိန်းချုပ်ရေးဌာနတို့ အဆက်အသွယ်ပြတ်တောက်သွားခဲ့သဖြင့် တစ်နာရီ ကျော်ကြာ အချိန်ရွှေ့ဆိုင်းခဲ့ရသည်ဟု ဂျပန်အာကာသစူးစမ်းရေး အေဂျင်စီက ပြောကြားသည်။

ပထမဆုံး

၂၀၀၃ခုနှစ် နိုဝင်ဘာလအတွင်း၌ ပစ်လွှတ်မှုမအောင်မြင်ခဲ့ပြီးနောက် အိပ်ချ်-၂အေဒုံးပျံဖြင့် ယခုပစ်လွှတ်ခြင်းသည် ပထမဆုံးဖြစ်သည်ဟု သိရသည်။ မူလကကြာသပတေးနေ့၌ လွှတ်တင်ရန် အစီအစဉ်ရှိခဲ့သော်လည်း ရာသီဥတု အခြေအနေကြောင့် လွှတ်တင်ခြင်းမပြုဘဲ ထားခဲ့သည်။

ပစ်လွှတ်နိုင်

အိပ်ချ်-၂အေဒုံးပျံသည် အများဆုံးအလေးချိန် ခြောက်တန်ကို ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ပို့လွှတ်နိုင်စွမ်းရှိပြီး အလေးချိန် ၁၀တန်ကို နိမ့်သော ကမ္ဘာပတ်လမ်းကြောင်းထဲသို့ ပစ်လွှတ်နိုင်သည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်ပြည်အနောက်ပိုင်းဒေသဖွံ့ဖြိုးတိုးတက်ရေး အစိုးရက ယွမ် ၈၅၀ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့

ပေကျင်း မတ် ၁

တရုတ်ပြည်၏ အနောက်ပိုင်းဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန် မြှင့်တင်ရန် တရုတ်ပြည်သည် ၂၀၀၀ပြည့်နှစ်ကတည်းက အနောက်ပိုင်းဒေသများတွင် အရေးကြီးသည့် ဆောက်လုပ်ရေးစီမံကိန်း ၆၀၌ ယွမ် ၈၅၀ဘီလီယံ(အမေရိကန်ဒေါ်လာ ၁၀၂ဘီလီယံ) ရင်းနှီးမြှုပ်နှံထားခဲ့ကြောင်း နိုင်ငံတော်ကောင်စီ၏ ပြန်ကြားရေးရုံးက ကြေညာချက်တစ်စောင် ထုတ်ပြန်သည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသငါးခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ၂၇ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ခရိုင် ၁၂၀အနက် ၈၃ခု အကျုံးဝင်သည့် တရုတ်ပြည်အနောက်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်ပြည်သည် ၂၀၀၀ ပြည့်နှစ်တွင် မဟာဗျူဟာတစ်ရပ်ကို စတင်ခဲ့ကြောင်း တရုတ်ပြည်ရှိ လူနည်းစု လူမျိုးဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ဒေသဟူ၍ ခေါင်းစဉ်တပ်ထားသော ကြေညာချက်၌ ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ

အိန္ဒိယနိုင်ငံ ဟက်ဆန်မြို့ရှိ အာကာသသုတေသနဌာန၌ အာကာသသိပ္ပံပညာရှင်တစ်ဦး တာဝန်ထမ်းဆောင်နေသည်ကို မတ် ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယသမုဒ္ဒရာတွင်းရှိ ဆူနာမီဒဏ်ခံရသောနိုင်ငံများသို့ လူသားချင်းစာနာသည့် အကူအညီဒေါ်လာ ၆ဒသမ ၂၈ဘီလီယံပေးလှူ

ဘန်ဒါအာချေး(အင်ဒိုနီးရှား) ဖေဖော်ဝါရီ ၂၈

အိန္ဒိယသမုဒ္ဒရာတွင်းရှိ ဆူနာမီဒဏ်ခံရသော နိုင်ငံများသို့ပေးသည့် လူသားချင်းစာနာသည့် အကူအညီသည် စုစုပေါင်းအမေရိကန်ဒေါ်လာ ၆ဒသမ ၂၈ဘီလီယံရှိကြောင်း ကုလသမဂ္ဂက ပြောကြားသည်။ အဆိုပါအကူအညီတွင် ဂျာမနီနိုင်ငံက အမေရိကန်ဒေါ်လာ ၆၈၃သန်းပေးခဲ့ရာ အများဆုံးဖြစ်သည်ဟု ဆိုသည်။

သို့ရာတွင် အမေရိကန်ပြည်ထောင်စုက ကတိခံထားသည့်အတိုင်း အကူအညီကို တိုးပေးမည်ဆိုလျှင် အမေရိကန်ပြည်ထောင်စုသည် အများဆုံး အကူအညီပေးသည့် နိုင်ငံဖြစ်လာမည်ဟု ကုလသမဂ္ဂ လူသားချင်းစာနာသည့် အထောက်အကူပေးရေး ရုံးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဟီရိုယူအီကီက ပြောကြားသည်။

လက်ရှိ၌ ဂျာမနီနိုင်ငံသည် လူသားချင်းစာနာသည့် အကူအညီကိုဒေါ်လာ ၆၈၃သန်း ပေးထားရာ အများဆုံး အကူအညီပေးသည့် နိုင်ငံဖြစ်ပြီး ၎င်းနောက် အများဆုံးပေးသည့် အဖွဲ့အစည်းမှာ အာရှဖွံ့ဖြိုးရေးဘဏ် ဖြစ်သည်ဟု ယူအီကီက ပြောကြားသည်။

အမေရိကန် ပြည်ထောင်စုက မူလကတိအတိုင်း အမေရိကန်ဒေါ်လာသန်း ၆၀၀ထပ်ဖြည့်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ရာ စုစုပေါင်းပေးသည့် အကူအညီ ဒေါ်လာသန်း ၉၅၀ကျော် ရှိလာမည် ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

လွန်ခဲ့သည့်နှစ်သန်း ၁၀၀ကျော်မှ တိရစ္ဆာန်ရုပ်ကြွင်းများ ချီလီသုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြ

ဆန်တီရာကို ဖေဖော်ဝါရီ ၂၈

ချီလီနိုင်ငံတက္ကသိုလ်မှ သုတေသနပညာရှင်လေးဦးပါဝင်သော အဖွဲ့တစ်ဖွဲ့သည်လွန်ခဲ့သည့် နှစ်သန်း ၁၀၀မှ ၁၂၀ အကြားတည်ရှိခဲ့သော တိရစ္ဆာန်များ၏ အရိုးစုများကို အန္တာတိကတွင် ရှာဖွေတွေ့ရှိခဲ့ကြကြောင်း နေ့စဉ်ထုတ်သတင်းစာတစ်စောင်ဖြစ်သော လာတီစီရာက စနေနေ့တွင် ရေးသားဖော်ပြထားသည်။

အဆိုပါ လေ့လာရေးအဖွဲ့သည် ရှေးခေတ်ကတည်ရှိခဲ့သော အပင်များနှင့် တိရစ္ဆာန်များ၏ ပြောင်းလဲမှုများကို လေ့လာသုတေသနပြုနေသော အဖွဲ့တစ်ဖွဲ့ ဖြစ်ပြီး အန္တာတိကအနောက်ဘက်တွင် ရှာဖွေလေ့လာမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ပါဝင်

ယင်းအဖွဲ့ကရှာဖွေခဲ့သော ဒေသမှာဂေါ့ဝါနာဒေသဖြစ်ပြီး ထိုဒေသသည် သမိုင်းမတိုင်မီခေတ်က အန္တာတိက၊ တောင်အမေရိက၊ သြစတြေးလျနှင့် အာရှတိုက်အစိတ်အပိုင်းများပါဝင်သော ဒေသဖြစ်သည်။ ချီလီတက္ကသိုလ်မှ သုတေသနပညာရှင်အဖွဲ့အနေဖြင့် တစ်လခန့် သုတေသန ပြုလုပ်ခဲ့ရာမှ အန္တာတိက၏ လီဗန်စတန်ကျွန်းရှိ ဘိုင်ဟာကျွန်းဆွယ်တွင် ငါးစင်တီမီတာအရှည်ရှိသော ငါးတစ်ကောင်အပါအဝင် တိရစ္ဆာန်များနှင့်အပင်များ၏ ရုပ်ကြွင်း ၃၅၀ ကီလိုခန့်ကို ရှာဖွေတွေ့ရှိခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာ့ပထမဆုံး ဖန်ပြွန်ကုလားအုပ်သန္ဓေသား အာရပ်စော်ဘွားများနိုင်ငံတွင် အောင်မြင်စွာမွေးဖွားနိုင်

အဘူဒါဘီ ဖေဖော်ဝါရီ ၂၈

အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး)တွင်ကမ္ဘာ့ပထမဆုံး ဖန်ပြွန် ကုလားအုပ်သန္ဓေသားကို ဆရာဝန်အဖွဲ့တစ်ဖွဲ့က အောင်မြင်စွာ မွေးဖွားပေးလိုက်ကြောင်း ဝမ်သတင်းဌာနက စနေနေ့၌ ပြောကြားသည်။

ယူအေအီးနိုင်ငံသည် သန္ဓေသားလောင်း ရွှေ့ပြောင်းနည်းပညာကို အသုံးချပြီး ဖန်ပြွန်ကုလားအုပ် သန္ဓေသားကို အောင်မြင်စွာမွေးပေးနိုင်သည့် ကမ္ဘာ့ပထမဆုံး နိုင်ငံဖြစ်ကြောင်း ဆရာဝန်အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ အဗ္ဗဒူဟက်အန်ဂါဆီက ပြောကြားသည်။

ပြောကြား

အဆိုပါ သန္ဓေသားလောင်း ရွှေ့ပြောင်းသည့် နည်းပညာရပ်သည် ကုလားအုပ်များ၏ မျိုးစိတ်ကို ထိန်းသိမ်းသိုမှီးရာတွင် အထောက်အကူဖြစ်မည်ဟု အဘူဒါဘီရှိ ကုလားအုပ် သုတေသနဌာနမှ ကျွမ်းကျင်သူများက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မလေးရှားနိုင်ငံ၏ ပရိုတွန်ကားထုတ်လုပ်မှု အစိုးရကဆက်လက်အထောက်အကူပေးသွားမည်

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၈

မလေးရှားအစိုးရသည် မလေးရှားနိုင်ငံ၏ ပရိုတွန်ကားထုတ်လုပ်မှုကို ဆက်လက် အထောက်အကူ ပေးသွားမည်ဖြစ်ပြီး ကားတင်ပို့ရောင်းချသော ဈေးကွက်သို့ အရည်အသွေးမြင့်မားသော ကားများကို ထုတ်လုပ်တင်ပို့ရောင်းချ သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီက ဗုဒ္ဓဟူးနေ့၌ ပြောကြားလိုက်သည်။

ဝန်ကြီးချုပ်သည် ပီရက်ခ်ပြည်နယ် ပရိုတွန်မြို့တွင် ရင်းဂျစ် ၁ဒသမ ၈ဘီလီယံ (အမေရိကန် ဒေါ်လာ ၄၇၃ ဒသမဖ၈သန်း) ရင်းနှီးမြှုပ်နှံမှုရှိသော ပရိုတွန်ကားထုတ်လုပ်ရေး စက်ရုံဖွင့်ပွဲ အပြီး ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခြင်း ဖြစ်သည်။

ပရိုတွန်ကား ထုတ်လုပ်ရေး ကုမ္ပဏီသည် ကားတင်ပို့ရောင်းချသော ဈေးကွက်တွင် ယင်း၏ကားများကို တန်ဖိုး ယှဉ်ပြိုင်သတ်မှတ်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ပရိုတွန် ကားကုမ္ပဏီသည် ဈေးကွက်တွင် နှစ်ကာလကြာမြင့်စွာ ရောက်ရှိခဲ့သော အခြားလုပ်ဖော်ကိုင်ဖက် ကားထုတ်လုပ်ရေးကုမ္ပဏီများ နှင့်အတူပူးပေါင်းလျက် ကားဈေးကွက်ထဲသို့ ဝင်ရောက်ဆောင်ရွက်ခဲ့ကြောင်းလည်း ဝန်ကြီးချုပ်က ပြောကြားသည်။

ယင်းသို့ ပူးပေါင်းဆောင်ရွက်ခြင်းသည် ပရိုတွန်ကုမ္ပဏီအား ကျွမ်းကျင်သော နည်းပညာများရရှိစေမည့်အပြင် ယှဉ်ပြိုင်အားပိုမိုကောင်းလာစေမည်ဟု မိမိမျှော်လင့်ကြောင်းလည်း ဝန်ကြီးချုပ်ဘာဒါဝီက ဆက်လက်ပြောကြားခဲ့သည်။

ပထမနှစ်တွင် အဆိုပါပရိုတွန်ကားထုတ်လုပ်ရေးစက်ရုံသည် စီးရေ ၁၅၀၀၀၀ ထုတ်လုပ်သွားရန် မျှော်လင့်ထားပြီး တစ်နှစ်လျှင် ကားစီးရေ တစ်သန်းထိထုတ်လုပ်သွားရန် ရည်ရွယ်ထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်တွင် ကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၈

ဘဂ္ဂဒက်မြို့တွင် ပြီးခဲ့သည့် စနေနေ့က ဗုံးပေါက်ကွဲမှုနှင့် ပစ်ခတ်တိုက်ခိုက်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဘဂ္ဂဒက် အရှေ့တောင်ဘက်တွင် ဖေဖော်ဝါရီ၂၆ရက်က လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုနှင့် ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန် စစ်ဘက် အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

အစောပိုင်းအချိန်များက အမေရိကန်စစ်ဘက်က ကြေညာချက်တွင် တိုက်ခိုက်ခံ ရမှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး ဘဂ္ဂဒက်တောင်ပိုင်းတွင် သေဆုံးခဲ့ရကြောင်း ပြောကြားခဲ့သည်။ အီရတ်သို့ အမေရိကန်တို့ ကျူးကျော် ဝင်ရောက်ခဲ့ပြီးနောက်ပိုင်း အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင်၁၄၈၀ ကျော် သေဆုံးခဲ့ရပြီး ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အိန္ဒိယ-တရုတ် ဆော့ဖ်ဝဲကုမ္ပဏီကြီးများ အနာဂတ် ပူးပေါင်းဆောင်ရွက်ရေးကိစ္စ ဆွေးနွေး

ပေကျင်း မတ် ၁

အိန္ဒိယနှင့်တရုတ် ဆော့ဖ်ဝဲကုမ္ပဏီကြီးများသည် အပြန်အလှန် ပိုမိုနားလည် သဘောပေါက်စေရေးနှင့်ဆော့ဖ်ဝဲနယ်ပယ်တွင် အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးအတွက် ဘုံအခြေခံအကြောင်းအချက်များ ရှာဖွေရေးဆွေးနွေးပွဲများကို တနင်္ဂနွေနေ့က ကျင်းပခဲ့ကြသည်။

အင်ဖိုဆီ၊တီစီအက်စ်၊ ဆက်ယမ်၊ ဝီပရိုကဲ့သို့ တရုတ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားကြပြီး ပေကျင်း၌ လုပ်ငန်းများ ထူထောင်ထားရှိသော အိန္ဒိယဆော့ဖ်ဝဲ ကုမ္ပဏီကြီးများမှအဆင့်မြင့် အမှုဆောင်အရာရှိများသည် တရုတ်-အိန္ဒိယဆော့ဖ်ဝဲ လုပ်ငန်းပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးတွင် ပါဝင်တက်ရောက်ဆွေးနွေးလျက် ရှိကြသည်။

ကြိုဆို

အဆိုပါအစည်းအဝေး၌ ပေကျင်း ဒုတိယမြို့တော်ဝန်ဖန်ဘိုယွမ်က အိန္ဒိယဆော့ဖ်ဝဲလုပ်ငန်းများကို ကြိုဆိုကြောင်း ပြောကြားပြီး အခြားအရာရှိများက ပေကျင်းရှိ ဇွန်ကွမ်ကန်ဆော့ဖ်ဝဲဥယျာဉ်တွင် အကယ်၍ လုပ်ငန်းအခြေစိုက်များကို ထူထောင်မည်ဆိုလျှင် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့က ၎င်းတို့အား မက်လုံးများပေးပြီး အခွန်ကောက်ခံမှုကို ဖျက်သိမ်းပေးမည်ဖြစ်ကြောင်း ပြောဆိုခဲ့ကြသည်။

ဆွဲဆောင်

ဆွေးနွေးပွဲသို့ တက်ရောက်ကြသော တရုတ်ဆော့ဖ်ဝဲလုပ်ငန်းရှင်များကလည်းအိန္ဒိယကုမ္ပဏီများအတွက် ဂျပန်နှင့်တောင်ကိုရီးယား ဖောက်သည်များကို ပိုမိုဆွဲဆောင်မှုပေးရန် အိန္ဒိယဆော့ဖ်ဝဲကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

အမ်အင်အေ၊ပီတီအိုင်

လျှပ်စစ်ထုတ်လုပ်

တရုတ်နိုင်ငံ ရှန်ကျင်းဒေသ အနောက်မြောက်ပိုင်း ဒါ့ဗန်မြို့အနီး၌ လေအားဖြင့် လျှပ်စစ်ထုတ်လုပ်သည့် တာဘိုင်များကို မတ်၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျပန်နိုင်ငံမြောက်ပိုင်း နက္ခတ်တာရာပြခန်းတစ်ခု၌ တပ်ဆင်ထားသော အဝေးကြည့်မှန်ပြောင်းတစ်ခုကို မတ် ၁ရက်က တွေ့ရစဉ်။ (ရေဒီယိုနှင့် အဝေးကြည့်မှန်ပြောင်းများကို သုံး၍ အခြားဂြိုဟ်ကမ္ဘာမှ သက်ရှိများကို လေ့လာနိုင်ရန် ဂျပန်နိုင်ငံက ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

လူမှုရေးတိုးတက်မှု သတင်းများ တရုတ်သတင်းစာဆရာများ ကွင်းဆင်းသတင်းယူ

ပေကျင်း ဖေဖော်ဝါရီ ၂၇

ဖွံ့ဖြိုးတိုးတက်မှုကို ထိန်းထားရန် ရည်ရွယ်သည့် အစိုးရ၏ဖွံ့ဖြိုးမှုဆိုင်ရာ သိပ္ပံသဘောထားအမြင်ကို လူထုလူတန်းစား အမျိုးမျိုးမည်သို့ အကောင်အထည်ဖော်လျက်ရှိသည်ကို တင်ပြရန်အတွက် နိုင်ငံတော်သတင်းစာများနှင့် အခြား လူထုဆက်သွယ်ရေး အဖွဲ့အစည်း ၁၂ ခုမှ သတင်းစာဆရာ ၁၀၀ ခန့်သည် နိုင်ငံအနှံ့သို့ ပေကျင်းမှနေ၍ ခရီးထွက်ခွာသွားခဲ့ကြသည်။

သတင်းစာဆရာများသည် တရုတ်နိုင်ငံ၌ စီးပွားရေးအဖွံ့ဖြိုးဆုံးဒေသဖြစ်သည့် အရှေ့ပိုင်းဒေသတွင် လူမှုရေးတိုးတက်မှုနှင့် စီးပွားရေးဖွံ့ဖြိုးမှုကို ကွင်းဆင်းသတင်းယူကြမည်ဖြစ်သည်။

ထို့ပြင် စီးပွားရေးဖွံ့ဖြိုးသောတရုတ်နိုင်ငံ အရှေ့ပိုင်း ဒေသများကို အမီလိုက်ရန် ကြိုးပမ်းနေသော အလယ်ပိုင်းပြည်နယ်များ၊ စက်မှုလုပ်ငန်းအခြေစိုက်ဒေသပြန်ရရန် ကြိုးပမ်းနေသော အရှေ့မြောက်ဒေသတွင်လည်း လူမှုတိုးတက်မှုများနှင့် စီးပွားရေးဖွံ့ဖြိုးမှုကို သတင်းယူကြမည်ဟု သိရသည်။

တစ်ဖန် သတင်းစာဆရာများသည် ဗဟိုအစိုးရ အကူအညီဖြင့် ဆင်းရဲနွမ်းပါးမှုကို တိုက်ဖျက်နေသော အနောက်ပိုင်းဒေသများနှင့် အခြား ဒေသများတွင်လည်း သတင်းယူကြမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်တွင် ပြစ်မှုများ ကျူးလွန်ခဲ့သည့် ဗြိတိသျှတပ်ဖွဲ့ဝင်၅၀ လူသတ်မှု၊ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှုများဖြင့် တရားရင်ဆိုင်နေကြရ

လန်ဒန် ဖေဖော်ဝါရီ ၂၈

လူသတ်မှု၊ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှုအပြင် အခြားရာဇဝတ်မှုများ ကျူးလွန်ခဲ့သည့်အတွက် နောက်ထပ်ဗြိတိသျှတပ်ဖွဲ့ဝင် ၅၀နီးပါးသည် တရားစွဲဆိုခြင်းခံနေကြရကြောင်း အစီရင်ခံတင်ပြထားသည့် စစ်ဘက်လျှို့ဝှက် စာရွက်စာတမ်းများကို ကိုးကားလျက် ဆန်းဒေးတယ်လီဂရပ်ဖ် သတင်းစာက သတင်းဖော်ပြလိုက်သည်။

ထုတ်ဖော်

အီရတ်အကျဉ်းသားများကို မတရားညှဉ်းပန်းနှိပ်စက်ခဲ့သော တပ်ဖွဲ့ဝင် သုံးဦးကို ဂျာမနီရှိစစ်ခုံရုံးက စီရင်ချက်ချခဲ့ပြီးနောက် ထိုသို့သတင်း ထုတ်ဖော်ရေးသားခဲ့ခြင်းဖြစ်သည်။

သုံးဆနီးပါးရှိ

အဆိုပါ စစ်ဘက်လျှို့ဝှက် စာရွက်စာတမ်းများတွင် ဗြိတိသျှတပ်ဖွဲ့ဝင်များ ရင်ဆိုင်နေရသော စွဲဆိုချက်များသည် ကာကွယ်ရေးဝန်ကြီးဌာနက ဝန်ခံခဲ့သည့် အမှုအရေအတွက်ထက် သုံးဆနီးပါးမျှရှိသည်ဟု သတင်းစာက ရေးသားသည်။

သေဆုံး

ဗြိတိသျှတပ်ဖွဲ့ဝင်များ ရင်ဆိုင်နေရသော အမှုများတွင် အမှုတစ်မှုမှာ ၂၀၀၃ခုနှစ် မေလ၈ရက်၌ ဖမ်းဆီးခဲ့သော အသက်၁၆နှစ်အရွယ်ရှိ အာမက် ဂျက်ဘာကရင်းမ်ဆိုသူအား သတ်ဖြတ်ခဲ့မှုဖြစ်ပြီး အခြားတစ်မှုမှာ သိုးထိန်းသမား ဆော့ဒ်ရှာဘရမ်ဆိုသူအား ဗြိတိသျှတပ်ဖွဲ့မှ အရာရှိတစ်ဦးနှင့် တပ်ဖွဲ့ဝင်နှစ်ဦးတို့က ရေနစ် သေဆုံးစေခဲ့မှုတို့ ဖြစ်သည်။

၂၀၀၄ခုနှစ် ဇန်နဝါရီလ ၁ရက်၌ ဂူမီဆိုသူ အီရတ်အရပ်သားတစ်ဦးကို ဘာဆာရာရှိ ဗြိတိသျှအထူးတပ်ဖွဲ့က အသေပစ်သတ်ခဲ့သည်ဟု သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ

(၇၇)ကြိမ်မြောက် ဟော်လီးဝုဒ်ရုပ်ရှင်အကယ်ဒမီဆုရစာရင်းများ ကြေညာ မီလျံဒေါ်လာဘေဘီရုပ်ရှင်ကား အကောင်းဆုံးဇာတ်ကားဆုရရှိ

လော့စ်အိန်ဂျလိစ် မတ် ၁

ဟော်လီးဝုဒ်ရှိ ကိုဒတ်ရုပ်ရှင်ရုံတွင် တနင်္ဂနွေနေ့က ကျင်းပသည့် (၇၇)ကြိမ်မြောက်နှစ်ပတ်လည် အကယ်ဒမီဆု ဆွတ်ခူးရရှိသူများ ရွေးချယ်ပွဲတွင်ဆုဆွတ်ခူးရရှိသည့် စာရင်းအပြည့်အစုံကို ထုတ်ပြန်ကြေညာလိုက်သည်။

ယင်းအကယ်ဒမီဆုပေးပွဲတွင် အကောင်းဆုံးဇာတ်ကားဆုကိုဝါနာဘရော့စ် ကုမ္ပဏီကရိုက်ကူးခဲ့သည့် မီလျံဒေါ်လာဘေဘီရုပ်ရှင်ကားကဆွတ်ခူးရရှိသည်။

အကောင်းဆုံးဒါရိုက်တာဆုကို မီလျံဒေါ်လာဘေဘီဇာတ်ကားအား ရိုက်ကူးခဲ့သော ကလင့်အိစ်ဝုဒ်က ရရှိသည်။

အကောင်းဆုံးရုပ်ရှင်မင်းသားဆုကို ရေးရုပ်ရှင်ဇာတ်ကား၌ သရုပ်ဆောင်ခဲ့သော ဂျယ်မီဖော့က်စ်ကရရှိပြီး အကောင်းဆုံး ရုပ်ရှင်မင်းသမီးဆုကို မီလျံဒေါ်လာဘေဘီရုပ်ရှင်ကား၌ သရုပ်ဆောင်ခဲ့သည့် ဟီလာရီဆွမ့်က ရရှိသည်။

အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုကို မီလျံဒေါ်လာဘေဘီ ရုပ်ရှင်ကား၌ သရုပ်ဆောင်ခဲ့သူ မော်ဂန်ဖရီးမင်းက ရရှိပြီး အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို သည်အဗီယေတာရုပ်ရှင်ကား၌ သရုပ်ဆောင်ခဲ့သူ ကိတ်ဗလန်ချက်က ရရှိခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်း ရန်ကုန်-မန္တလေး ‌ဒွေးလမ်း ဖောက်လုပ်ရေးစီမံကိန်းကြည့်ရှုစစ်ဆေး စံချိန်စံညွှန်းအတိုင်း ခိုင်ခံ့မှုရှိအောင် ဂရုပြုဆောင်ရွက်ရေးမှာကြား

ရထားပို့ဆောင်ရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရန်ကုန် – မန္တလေး ‌ဒွေးလမ်း ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ကျည်တောင်ကန်– ရွှေဒါး အပိုင်းမှ ငလိုက်ချောင်း တံတား တည်ဆောက်ပြီးစီးမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

ရန်ကုန် မတ် ၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါ၍ ဖေဖော်ဝါရီ ၂၀ရက် ညနေပိုင်းတွင် ရန်ကုန်–မန္တလေး ‌ဒွေးလမ်းရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ကျည်တောင်ကန်–ရွှေဒါးအပိုင်းမှ ငလိုက်ချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ရှင်းလင်းဆောင်တွင် စီမံကိန်းအင်ဂျင်နီယာ ဦးသန်းဌေးက ငလိုက်ချောင်းတံတား တည်ဆောက်ပြီးစီးမှုနှင့် ပစ္စည်းစုဆောင်းထားရှိမှုတို့ကိုတင်ပြပြီး ဝန်ကြီးက လုပ်ငန်းပြီးစီးမှု မြန်ဆန်အောင် ကြပ်မတ်ရေး၊ ဧပြီလမတိုင်မီပြီးစီးအောင် တည်ဆောက်ရေးတို့ကို မှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

လှည့်လည်စစ်ဆေး

ဖေဖော်ဝါရီ ၂၁ရက်တွင် ဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားဘူတာမှ ဒီအာရ်စီ–၀၀၂ သံလမ်းပြေးယာဉ်ဖြင့် ထွက်ခွာ၍မိုင်တိုင်၂၄၁/၃နှင့်၂၄၁/၆ အကြားတွင် ကျောက်ခင်းခြင်း ဆောင်ရွက်နေမှုအား စစ်ဆေးသည်။ ယင်းမှ ဆက်လက်ထွက်ခွာရာ မိုင်တိုင် ၂၅၁/၁၀နှင့် ၂၅၁/၁၁ အကြား အရှည် ၃၄၅ ပေရှိ ဆင်သေချောင်း တံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်စစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင် ၂၇၅/၄နှင့် ၂၇၅/၅ အကြားတွင် ယန္တရားများဖြင့် မြေသားတာပေါင်ဖို့ခြင်း လုပ်ငန်းအား ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် သဲတောရှိ ရန်ကုန်–မန္တလေး ‌ဒွေးလမ်း ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းရုံးသို့ ရောက်ရှိရာ မြန်မာ့မီးရထားတိုင်း(၅)မှ ကျည်တောင်ကန်–ရွှေဒါးအပိုင်း ၄၇ မိုင်၊ တိုင်း(၄)မှ ရွှေဒါး–ခင်ဘန်းအပိုင်း ၄၃မိုင်၊ တိုင်း(၃)မှ ခင်ဘန်း–မြစ်ငယ် အပိုင်း ၅၁မိုင် အပိုင်းလိုက် ‌ဒွေးလမ်း ရထားလမ်းဖောက်လုပ်ခြင်းအတွက် မြေသားလုပ်ငန်းနှင့် တံတားလုပ်ငန်းများပြီးစီးမှု၊ ပစ္စည်းရရှိမှု၊ လုပ်ငန်းလိုအပ်ချက်တို့ကို စီမံကိန်းအင်ဂျင်နီယာများက တင်ပြသည်။ ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်တင်ပြပြီး ဝန်ကြီးက အပိုင်းလိုက် ဆောင်ရွက်ရာတွင် တာပေါင်ဖို့ခြင်း၊ ကျောက်ခင်းခြင်း၊ ဇလီဖားနှင့် သံလမ်းခင်းခြင်း အဆင့်လိုက် လုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်ရင်း လမ်းပိုင်းတွင် ပါဝင်သော တံတားကြီး၊ ငယ်များပြီးစီးရေးကိုလည်းကြပ်မတ်ဆောင်ရွက်ရေး၊ ပြီးစီးသလောက် လမ်းပိုင်းကို ဖွင့်လှစ်အသုံးပြုသွားနိုင်ရေး၊ လမ်းသစ်တည်ဆောက်နေစဉ် လက်ရှိအသုံးပြုနေသော လမ်း၏ကြံ့ခိုင်မှုကိုလည်း မပြတ် စစ်ဆေးထိန်းသိမ်းရေးတို့ မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းမှ ဆက်လက် ထွက်ခွာရာ တံတားအမှတ် ၇၁၉ ပန်းလောင်မြစ်တံတားသို့ရောက်ရှိပြီး တံတားကြံ့ခိုင်မှုနှင့် ‌ဒွေးလမ်းအတွက် တံတားအသစ်တည်ဆောက်မည့် လမ်းကြောင်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မိုင်တိုင် ၃၅၈/၁၂ရှိ ဇော်ဂျီတံတားသို့ ရောက်ရှိပြီး ‌ဒွေးလမ်းအတွက် ထပ်မံတည်ဆောက်ဆဲ အရှည် ၂၂၈ ပေ၊ အကျယ် ၁၈ပေရှိ တံတားအသစ် တည်ဆောက်ခြင်း လုပ်ငန်းကို စစ်ဆေးကာ သတ်မှတ်စံချိန် စံညွှန်အတိုင်း ခိုင်ခံ့မှုရှိအောင် ဂရုပြုရေးနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးတို့ မှာကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် သံလမ်းပြေးယာဉ်ဖြင့် ကျောက်ဆည်မှ မြစ်ငယ်အထိ ထပ်မံပြီးစီးခဲ့သော ‌ဒွေးလမ်းအတိုင်း မောင်းနှင်၍ လမ်းပိုင်း စတင်အသုံးပြုနိုင်ရေး မှာကြားခဲ့သည်။

ကြိုးပမ်းဆောင်ရွက်

ရန်ကုန်–မန္တလေးရထားလမ်းမှာ ပျဉ်းမနားမှမြို့ဟောင်းအထိ ယခင်က တစ်လမ်းသာရှိခဲ့ပြီး နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုဖြင့်လမ်းခရီး ကြန့်ကြာမှု မရှိစေရေးအတွက် ရန်ကုန် – မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေးနှင့် ‌ဒွေးလမ်းရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းကို ဆောင်ရွက်လျက်ရှိရာ ပျဉ်းမနားမှ ကျည်တောင်ကန်အထိ အပိုင်းနှင့် ယခု ကျောက်ဆည်မှ မြို့ဟောင်းအထိ အပိုင်းတို့အား ‌ဒွေးလမ်း ဖွင့်လှစ်နိုင်ခဲ့ပြီး ဆက်လက် ဖွင့်လှစ်သွားနိုင်ရေးအတွက် မြန်မာ့မီးရထားမှ ဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၁၉ ရက်က ၂၀၀၃–၂၀၀၄ ပညာသင်နှစ်အတွက် ဒဂုံမြို့သစ် (မြောက်ပိုင်း) အမက (၂၁) ပညာရည်ချွန် ဆုပေးပွဲတွင် သူငယ်တန်း၌ ဘက်စုံပထမဆုရရှိသော မနန်းရွှေယမင်းဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သောင်းမြက ဆုချီးမြှင့်စဉ်။ (က–ပ)

နွေရာသီ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း

ရန်ကုန် မတ် ၂

ရှင်သာမဏေ ဓမ္မဗိမာန်သာသနာ့ဝန်ဆောင်အဖွဲ့က ဗုဒ္ဓမြတ်စွာ၏ အဆုံးအမများကို အသက်အရွယ်အလိုက် သိရှိနားလည်၍ ဘဝ တစ်လျှောက် လက်တွေ့ အကျိုးရှိစွာ အသုံးချနိုင်ရန် နွေရာသီဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်တန်းများကို မတ် ၁၂ ရက်မှ ၂၀ ရက်အထိ နေ့စဉ် နံနက် ၇ နာရီမှ ၁၁ နာရီအထိ သင်ကြားပို့ချမည်ဖြစ်သည်။

အသက်ခြောက်နှစ် အထက် သင်တန်း တက်ရောက်လိုသူများ ပညာပါရမီ ကုသိုလ်ယူလိုသူများသည် ရှင်သာမဏေ ဓမ္မဗိမာန် အာဇာနည်လမ်း (ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး) ဗဟန်းမြို့နယ်တွင် မတ် ၅ ရက်မှစ၍ ကြိုတင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

● ကျောဖုံးမှ

ဝိုင်းဝန်းထိန်းသိမ်း

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကန်တော်ကြီး သောက်ရေကန်နှင့်ရေပေးရေး စက်ရုံအား ကြည့်ရှုစစ်ဆေးပြီး အမှတ် (၁၇) ရပ်ကွက်ရှိ ရေဂါလန် ၈၀၀ ဆံ့ သောက်ရေကန် အမှတ် (၂၀)သို့ သွားရောက်ကာ တိုင်းမှူး၊ ဝန်ကြီးတို့က ရေပိုက်ခေါင်းများအား ဖွင့်လှစ်ပေးသည်။ ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် အမှတ်(၁၇) ရပ်ကွက်ရှိ ရေဂါလန် ၈၀၀ ဆံ့ သောက်ရေကန် အမှတ်(၁၃)သို့ရောက်ရှိပြီး ရေပိုက်ခေါင်းများကို ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ အမှတ် (၁၂) ရပ်ကွက်ရှိ ရေဂါလန် ၈၀၀ ဆံ့ သောက်ရေကန် အမှတ် (၁)သို့ သွားရောက်ပြီး ရေပိုက်ခေါင်းအား ဖွင့်လှစ်ပေးသည်။ ပျော်ရွှင်စွာ ရေခပ်နေသူများက တိုင်းမှူးနှင့် ဝန်ကြီးကို ရင်းနှီးခင်မင်စွာ နှုတ်ဆက်ကြရာ တိုင်းမှူးနှင့် ဝန်ကြီးက ရေကန်များအား ရေရှည် တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် အမှတ် (၁၂)ရပ်ကွက်ရှိ ရေဂါလန် ၈၀၀ ဆံ့ သောက်ရေကန် အမှတ်(၂) သို့ သွားရောက်ပြီး ရေပိုက်ခေါင်းများကို ဖွင့်လှစ်ပေးကာ ရေခပ်နေသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောဆိုသည်။

ဖွင့်ပွဲအခမ်းအနား အစီအစဉ် အပိုင်း(၂)ကို ဖျာပုံမြို့ သီရိအဏ္ဏဝါ ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ရေခက်ခဲနေမှုအား ဖြေရှင်း ဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင် အမှာစကားပြောကြားသည်။ ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်က နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပြည်သူများသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးမှုအား ရှင်းလင်းပြောကြားသည်။

ယခုဖွင့်လှစ်သော ဖျာပုံမြို့ ရေပေးရေးစီမံ ကိန်းအပိုင်း(က)သည် ကန်တော်ကြီး သောက်ရေကန်မှ ရေရှားပါးသော ရပ်ကွက်များဖြစ်ကြသည့် ရပ်ကွက်(၁၂)၊ (၁၇)၊ (၁၈)များသို့ အများသုံး ရေဂါလန် ၈၀၀ ဆံ့ သောက်ရေကန် ၂၀ ကန်မှ ရေပေးခြင်းဖြစ်ပြီး ရပ်ကွက်နေပြည်သူ ၉၀၀၀ ကျော်အတွက် သန့်ရှင်းသော သောက်သုံး ရေများရရှိရေး ဆောင်ရွက်ပေးသည်။ ကန်တော်ကြီး သောက်ရေကန်သည် ကန်ရေပြည့်ဧရိယာ ၂၃ ဧကရှိပြီး ရေသိုလှောင်မှုပမာဏမှာ ဂါလန် ၄၅ သန်းဖြစ်ကာ သောက်သုံးရေပေးနိုင်သည့် ပမာဏမှာ ရေဂါလန် ၃၅ သန်းဖြစ်သည်။ ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းအပိုင်း (ခ)၊ (ဂ)၊ (ဃ) တို့တွင် ရေမရသေးသည့် ရပ်ကွက်များသို့ ရေပိုက်လိုင်းများ ဆက်သွယ်ခြင်း၊ ပိုမိုအားကောင်းသည့် အင်ဂျင်နှင့်ပန့်များ၊ မော်တာများ တပ်ဆင်ခြင်း၊ ထရန်စဖော်မာနှင့် ဓာတ်အား လိုင်းများ ဆက်သွယ်ခြင်း၊ ကလိုရင်း ဆေးခတ်စက်များ တပ်ဆင်ခြင်းလုပ်ငန်းများပါဝင်သည်။ စီမံကိန်း တစ်ခုလုံး ပြီးစီးပါက မြို့ပေါ်ရပ်ကွက် ၁၈ခုမှ ပြည်သူ ၅၀၀၀၀ ကျော်အတွက် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ ရရှိမည်ဖြစ်သည်။ **(သတင်းစဉ်)**

စမ်းချောင်းမြို့နယ် ကျွန်းတောအလယ်ရပ်ကွက် နိုင်ငံသားစိစစ်ရေး ကတ်ပြား စုပေါင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က ရုံးခန်းမတွင်ပြုလုပ်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရန်ကုန်တိုင်း ဦးစီးမှူး ဦးတင်အောင်က အရည်အချင်း ပြည့်မီသူများအား တစ်ဦးချင်း ပေးအပ်စဉ်။ (၁၂၉)

သီလဝိသောဓနီသိမ်တော်ကြီး အသစ်ပြန်လည်တည်ဆောက်

ရန်ကုန် မတ် ၂

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက်ဇမ္ဗူအေးကျောင်းတိုက်ဝင်းရှိ သီလဝိသောဓနီ သိမ်တော်ကြီးကို သိမ်အသစ် ပြန်လည်တည်ဆောက်ရန် စီစဉ်လျက်ရှိသည်။

ဖေဖော်ဝါရီ၁၈ရက်က ပန္နက်တင်မင်္ဂလာအခမ်းအနားပြုလုပ်ရာ မြို့နယ်သံဃနာယကဆရာတော်များ၊ ဇမ္ဗူအေးကျောင်းတိုက်ဝင်းအတွင်းရှိ ကျောင်းအသီးသီးမှ ဆရာတော်များ၊ သိမ်တော်ကြီးဆောက်လုပ်ရေးကော်မတီဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

သီလဝိသောဓနီသိမ်တော်ကြီးဆောက်လုပ်ရေးအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဆရာတော်ဘဒ္ဒန္တ ခေမိန္ဒ ဂန္ဓာရုံကျောင်း ဖုန်း–၆၉၉၃၀၆၊ ဆရာတော်ဘဒ္ဒန္တ သုမင်္ဂလဗုဒ္ဓိ ရတနာဇေယျကျောင်း ဖုန်း–၆၉၀၁၂၄၊ ဆရာတော် ဘဒ္ဒန္တ နန္ဒဓဇ အောင်ဝတီကျောင်း ဖုန်း–၆၉၀၆၉၀၊ ဆရာတော် ဘဒ္ဒန္တ သြဘာသ မြတ်မင်္ဂလာကျောင်း ဖုန်း–၆၉၀၄၉၉၊ ဆရာတော်ဘဒ္ဒန္တ လောကဓဇ လောကရာမကျောင်း ဖုန်း–၆၉၀၁၄၈၊ ဦးမောင်ဝင်းဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖုန်း–၆၉၉၃၈၇(ရုံး)၊ ၆၉၉၀၉၃ (အိမ်)၊ သီဟသုဓမ္မမဏိဇောတရေ ဦးအောင်ကြည်မြင့် ဖုန်း–၀၉ –၅၁၀၅၆၃၃၊ ဦးချိုအေး (ACA)ဖုန်း– ၆၉၀၅၁၁၊ ၆၉၀၅၁၈ နှင့် ဦးရေချမ်း ဥက္ကဋ္ဌ ဖုန်း–၆၉၀၅၆၅ တို့သို့ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

တိမ်ဖြစ်ထွန်းမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာနိုင်ငံ ပြင်ပ၌ မြေငလျင်လှုပ်ရှား

ရန်ကုန် မတ် ၂

ယနေ့ မတ် ၂ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီ ၁၉ မိနစ် စက္ကန့် ၃၀တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ အရှေ့တောင်ဘက် မိုင် ၂၆၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

အင်္ဂမနှစ်အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် ၂၀၀၅ ဖွင့်ပွဲ တိုင်းမှူးဗိုလ်ချုပ်သာအေး တက်ရောက်

ရန်ကုန် မတ် ၂

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေးသည် တိုင်း၊ခရိုင်၊မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မတ် ၁ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည့် စစ်ကိုင်းတိုင်း အင်္ဂမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ် ၂၀၀၅ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ရှိန်က အင်္ဂမနှစ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်နှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းအတွင်း လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မုံရွာမြို့ ဦးရွှေဒေါင်းပွဲရုံပိုင်ရှင် ဦးသန်းညွန့်က ယင်လုံအိမ်သာ ပလတ်စတစ်ခွက်အစုံ ၅၀ အတွက် ငွေကျပ် ၈၀၀၀၀နှင့် ဦးသောင်း (ချင်းတွင်းနေကြာ ဆောင်စက်ရုံ)က ယင်လုံအိမ်သာ ပလတ်စတစ်ခွက်အစုံ ၅၀ အတွက် ငွေကျပ် ၈၀၀၀၀တို့ကိုအသီးသီးပေးအပ်လှူဒါန်းကြရာ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ကျော်ရှိန်ကလက်ခံရယူပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ စာအုပ်စာတမ်းများ၊ ယင်လုံအိမ်သာပုံစံငယ်များ၊ လက်နှိပ်ရေတွင်းနှင့် ရေတွင်းပုံစံငယ်များ၊ မှတ်တမ်းဓာတ်ပုံများ၊ ပိုစတာများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

စစ်ကိုင်းတိုင်းအတွင်း ၁၉၉၈ ခုနှစ် ပထမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ပြီးချိန်တွင် ယင်လုံအိမ်သာသုံးစွဲမှုမှာ ၅၆ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး ၂၀၀၄ ခုနှစ် သတ္တမနှစ်တွင် ၈၂ ဒသမ ၇ ရာခိုင်နှုန်းအထိတိုးတက်ခဲ့ကာ ယခု ၂၀၀၅ ခုနှစ်တွင် ၉၀ ရာခိုင်နှုန်းအထိ လျာထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးမြို့ စာရေးဆရာ မန္တလေးဦးသာ

မန္ဒိုမဂုဏ်ရည်ဆရာတော်ဓမ္မခရီးစဉ်

ရန်ကုန် မတ် ၂

သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ မန္ဒိုမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာနနာယကဆရာတော် သာသန တက္ကသိလ ဓမ္မာစရိယ ဒေါက်တာအရှင်ကောဝိဒ အရှင်မြတ်သည် မတ်၅ရက် ည၇နာရီတွင် ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက် ရွှေဖူးမျှော်လမ်း ဓမ္မသဘင်၊ မတ်၆ရက် ည၈နာရီတွင် သာကေတမြို့နယ် ဟသ်ာတအတွင်း ပတ္တမြားစာသင် တိုက် စာအောင်ဆုနှင်းအောင်ပွဲဓမ္မသဘင်၊ မတ် ၇ရက် ည ၇နာရီတွင် ဗိုလ်တထောင်ရောင်တော်ဖွင့်အသင်း၏ ဗိုလ်တထောင်စေတီတော်ရင်ပြင် ဓမ္မသဘင်၊ မတ်၈ရက်နှင့် ၉ရက် ည၇နာရီ၌ ဘိုကလေးမြို့ ချိုကြည်သာသနာ့ဗိမာန် ထေရဝါဒဗုဒ္ဓဓမ္မဒေသနာပြန့်ပွားရေးအသင်း ဓမ္မသဘင်၊ မတ်၁၀ရက်၊ ၁၁ရက်နှင့် ၁၂ရက် ည၇နာရီတွင် မော်လမြိုင်ကျွန်းမြို့နယ် ရာဇူတိုင်ကျေးရွာ ဓမ္မသဘင်၊ မတ်၁၄ရက်နှင့်၁၅ရက် ည၇နာရီ၌ ဇလွန်မြို့ ပြည်တော်ပြန်ဘုရားကြီးရင်ပြင်တော်ဓမ္မသဘင်များ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ **(က-ပ)**

ဒုတိယဝန်ကြီးဗိုလ်မှူးကြီးတင်ငွေ ဗီယက်နမ်နိုင်ငံမှပြန်လည်ရောက်ရှိ နှစ်နိုင်ငံတိုင်းရင်းသားရေးရာ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့

ရန်ကုန် မတ် ၂

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ တိုင်းရင်းသားလူမျိုးစုရေးရာကော်မတီ၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများနှင့်ပတ်သက်၍ အတွေ့ အကြုံများ အပြန်အလှန်ဆွေးနွေးခဲ့ပြီး ယမန်နေ့ညပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ကြိုဆို

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီး သိန်းညွန့်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Pham Quang Khon၊ စည်ပင်သာယာရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ တိုင်းရင်းသားလူမျိုးစုရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး မစ္စတာဟဟုန် (H.E Mr. Ha Hung) ဦးစီးအဖွဲ့နှင့် ဟန္နိုင်းမြို့ ဆိုဖီတယ်ဟိုတယ် အစည်းအဝေးခန်းမ၌နှစ်နိုင်ငံတိုင်းရင်းသားရေးရာ ကိစ္စရပ်များ၊နယ်စပ်ဒေသတိုင်းရင်းသားဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ အပြန်အလှန်အတွေ့အကြုံ ဖလှယ်ကြပြီး ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)** ယင်းညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တိုင်းရင်းသားလူမျိုးစုရေးရာကော်မတီဥက္ကဋ္ဌနှင့် ဝန်ကြီး မစ္စတာကဆာဖွတ် (H.E Mr. Ksor Phuc) အား တွေ့ဆုံပြီး ၎င်းကတည်ခင်းသော ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

လှည့်လည်လေ့လာ

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ နယ်စပ်ဒေသများဖြစ်သည့် လန်ဆန်းပြည်နယ်(Lang Son Province)၊ ကွမ်နင်းပြည်နယ် (Quang Ninh) နှင့် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသရှိ ထရာဗင်းပြည်နယ်(Tra Vinh)များတွင် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘိုကလေးမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် မတ် ၂

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ ရွှေရတုအထိမ်းအမှတ် ဂုဏ်ပြုပွဲများကို မတ် ၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းမကြီး ခြောက်ထပ်ကြီးဘုရားဝင်းရှိ အသင်းပိုင်သိမ်ကျောင်း ဓမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်သည်။

ပညာရည်ချွန်ဆုပေးပွဲအတွက် အသင်းသား အသင်းသူများ၏ သားသမီးများ ၂၀၀၃-၂၀၀၄ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများနှင့် အသက်(၇၅)နှစ်နှင့်အထက် အသင်းသား အသင်းသူ ကန်တော့ခံပုဂ္ဂိုလ်များ အသင်းတိုက်သို့ မတ်၁၅ရက်နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ကြရန် နှိုးဆော်ထားသည်။ အလှူငွေထည့်ဝင်လိုသူများသည် အသင်းတိုက် ဖုန်း-၂၁၂၅၀၈၊ အသင်း ဥက္ကဋ္ဌ ဦးတင့်ဇော် ဖုန်း-၂၉၁၃၃၈၊ တွဲဖက်အတွင်းရေးမှူး ဦးသိန်းညွန့် ဖုန်း-၀၉-၅၁၀-၂၉၄၄နှင့် ဘဏ္ဍာရေးမှူးဒေါ်မြင့်မြင့်စိန် ဖုန်း-၅၄၃၇၂၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအမှုထမ်းအဆင့် အင်္ဂလိပ်စကားပြောကျွမ်းကျင်မှုသင်တန်းဖွင့်

ရန်ကုန် မတ် ၂

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (အမှုထမ်းအဆင့်) အင်္ဂလိပ်စကားပြော ကျွမ်းကျင်မှုသင်တန်း(၁/၂၀၀၅)သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် အမှတ်၅၀ ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရုံးချုပ် ကွပ်ကဲ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က သင်တန်းဖွင့်ရခြင်းနှင့်ပတ်သက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ အထွေထွေမန်နေဂျာ၊ ဒုတိယအထွေထွေမန်နေဂျာများ၊ ဌာနခွဲအသီးသီးမှ ဌာနခွဲမှူးများ၊ အရာထမ်းများ၊ အမှုထမ်းများနှင့် အင်္ဂလိပ်စာသင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ အင်္ဂလိပ်စကားပြောကျွမ်းကျင်မှုသင်တန်းကို အမှုထမ်းအဆင့်သင်တန်းသား ၁၄ဦးနှင့် သင်တန်းသူ၄၀ စုစုပေါင်း၅၄ဦး တက်ရောက်ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ချောကလက်အရသာဗီတာမင်ဆေးပြား ဈေးကွက်မိတ်ဆက်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂

USV ကုမ္ပဏီလီမိတက်က တင်သွင်းပြီး Zizawa Healthcare ကုမ္ပဏီက ဖြန့်ဖြူးရောင်းချမည့် Grovit Chewtablets ချောကလက်အရသာ ဗီတာမင်ဆေးပြားရောင်းချခြင်း ဈေးကွက်မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ ဖိတ်ကြားထားသူ များ တက်ရောက်ကြသည်။

ရှေးဦးစွာ Zizawa°Healthcareမှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာဦးစောမြအောင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး USV ကုမ္ပဏီလီမိတက်မှ Country Manager Mr. Sanjeer Kumar Gupta က ကျေးဇူးတင်စကားပြောကြားသည်။ **(အပေါ်ပုံ)** အဆိုပါ ချောကလက်အရသာ ဗီတာမင်ဆေးပြားကို Grovit Syrup နှင့် Grovit Drops တို့ကို ထုတ်လုပ်သည့် USV ကုမ္ပဏီလီမိတက်က အင်အားပြည့် ဗီတာမင်ဓာတ် ၁၁ မျိုးဖြင့် အဆင့်အတန်းမြင့်မားစွာ ထပ်မံထုတ်လုပ်သည့် အားဆေးတစ်မျိုးဖြစ်သည်။

Grovit Tablet ကို ချောကလက် ကဲ့သို့ ဝါးစား၍ရသောကြောင့် ဆေးမသောက်ချင်သော ကလေးလူကြီးများအတွက် အထူးသင့်လျော်သည့် ဗီတာမင်အားဆေးဖြစ်ပြီး Zizawa°Healthcare က တင်သွင်းဖြန့်ချိသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

သာယာမည်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

စာအုပ်လှူဒါန်းပွဲ

ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင် လှူဒါန်းပွဲ(ပဥ္စမအကြိမ်)ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်-

နေ့ရက် - **၆-၃-၂၀၀၅ (တနင်္ဂနွေနေ့)**
အချိန် - **နံနက် (၉)နာရီ**
နေရာ - **ပြန်ကြားရေးဝန်ကြီးဌာန၊အစည်းအဝေးခန်းမ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။**

စာအုပ်/ငွေပဒေသာပင် လှူဒါန်းလိုကြသော စေတနာရှင်၊အလှူရှင်များသည် အချိန်မီ တက်ရောက်လှူဒါန်းနိုင်ပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုသူများ ဆက်သွယ်ပါရန်

ဖုန်း - ၃၇၁၃၃၉
ဖုန်း - ၃၇၉၇၆၉
ဖုန်း - ၂၅၂၄၅၁

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂/၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။

မင်္ဂလာဒုံမြို့နယ် အမှတ်(၃၀) **အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၃-၂၀၀၄ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပရာ ပထမတန်းတွင် ထူးချွန်ဆု ပထမဆုရရှိသူ မမေယွန်းကျော်ကျော်အား လက်ထောက်မြို့နယ်ပညာရေးမှူး ဦးစောအောင်မြဝင်းက ဆုချီးမြှင့်စဉ်။** (၃၆၃)

✡ **ရှေ့ဖုံးမှ**

ဖြည့်စွက်မှာကြား

အတွင်းရေးမှူး(၁)က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်ချက်များ ဖြည့်စွက်မှာကြားပြီး ရေယူအဆောက်အအုံနှင့် ငမိုးရိပ်ချောင်းဖြတ် ရေငုပ်ပြွန်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ ငမိုးရိပ်ချောင်းဖြတ် ရေငုပ်ပြွန်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောက်ရွက်ဆဲအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မှော်ဘီမြို့နယ် အထယုကျေးရွာအနီး ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး ရေစစ်ကန်၊ အနည်ထိုင်ကန်၊ ရေတွန်းစက်ရုံ၊ ရေစုကန်နှင့်လျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရာပြတ်ဌာန ဌာနမှူး ဒေါက်တာထွန်းသန်းထွန်းက ရန်ကုန်မြို့တော်သို့ပေးဝေမည့် သောက်သုံးရေ သန့်ရှင်းကြည်လင်ရန်နှင့် ကျန်းမာရေးညီညွတ်စေရန် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် မြို့တော်ရေပေးဝေရေးလုပ်ငန်းအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က မြို့ပြဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ မြို့တော်နေပြည်သူများ များပြားလာသည်ဖြစ်ရာ သောက်သုံးရေလုံလောက်မှုရှိရန်နှင့် ကျန်းမာရေးညီညွတ်စေရန် ဆောင်ရွက်ရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အလေအလွင့်ပြုန်းတီးမှုများမရှိစေရန် စနစ်တကျလုပ်ဆောင်ရေးတို့ကိုမှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လက်တွေ့ဆောင်ရွက်

ယင်းနောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်မြို့တော်သို့ပေးဝေမည့် ငမိုးရိပ်ဆည်ပင်မတူးမြောင်းမှ ရေအနည်ထိုင်သန့်စင်ခြင်း လက်တွေ့ဆောင်ရွက်ပြသမှုကို ကြည့်ရှုစစ်ဆေးသည်။

ထပ်မံဖြည့်တင်းပေး

အဆိုပါ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)လုပ်ငန်းတစ်ခုလုံးပြီးစီးပါက ရန်ကုန်မြို့တော်သို့ နေ့စဉ်ပေးဝေလျက်ရှိသည့် ရေဂါလန် ၉၅သန်းအပြင် နေ့စဉ်ရေဂါလန် သန်း၁၄၀ ထပ်မံဖြည့်တင်းပေးဝေသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရှင်းလင်းတင်ပြ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား မှော်ဘီမြို့နယ် အထယုကျေးရွာအနီး ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) တည်ဆောက်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရာပြတ်ဌာန ဌာနမှူး ဒေါက်တာထွန်းသန်းထွန်းက မြို့တော်ရေပေးဝေရေးလုပ်ငန်း အဆင့်ဆင့်ကို ပုံစံငယ်ဖြင့် ရှင်းလင်းတင်ပြစဉ်။
(မြို့တော်စည်ပင်)

သင်တန်းသားများ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ ကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၂

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်သည့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်း စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း(အရာရှိ)အမှတ်စဉ်(၁/၂၀၀၅)မှ သင်တန်းသား၊ သင်တန်းသူ ၅၀တို့သည် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ သင်တန်းမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မြင့်ခိုင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၈နာရီခွဲတွင် သာကေတမြို့နယ် သန်လျင်တံတားအနီးရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ လေ့လာရေးသင်တန်းသား၊ သင်တန်းသူများအား ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ တည်ဆောက်ရေးစီမံကိန်းတာဝန်ခံ ဗိုလ်မှူး ဇော်ဝင်းအောင်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**

ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်အုန်းမြင့် အသင်းဝင်များတွေ့ဆုံ နိုင်ငံတော်ရှေ့ဆက်သွားမည့်လုပ်ငန်းစဉ်(၇)ရပ်အောင်မြင်ရေးပူးပေါင်းဆောင်ရွက်ရန်မှာကြား

ရန်ကုန် မတ် ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန် လိုက်ပါလျက် ဖေဖော်ဝါရီ ၂၅ရက်တွင် ရန်ကုန်မှ မော်လမြိုင်သို့ထွက်ခွာ၍ မွန်းလွဲပိုင်းတွင် ကတိုးကော့နပ်သို့ရောက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကော့နပ်လမ်းကျောက်ခင်းနေမှုအား ကြည့်ရှုအားပေးပြီး ကော့နပ်ဘုရားသို့ရောက်ရှိပြီး ရှေးဟောင်းဘုရားပြုပြင်နေမှုများအားကြည့်ရှုကာ ရှေးမူမပျက်အောင် ထိန်းသိမ်းဆောင်ရွက်ကြရန်မှာကြားပြီး ဘုရားအတွက်အလှူငွေများပေးအပ်သည်။

ဖေဖော်ဝါရီ ၂၆ရက် နံနက်ပိုင်းတွင် ဗဟိုအလုပ်အမှုဆောင်သည် မုဒုံမြို့ ရွှေဟသ်ာအားကစားရုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ မွန်ပြည်နယ် ပြည်နယ်ခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ လူငယ်ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ဘောလုံးအားကစားပစ္စည်းများပေးအပ်ခြင်းအခမ်းအနားသို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့နှင့်အတူ တက်ရောက်သည်။ နေ့လယ်ပိုင်းတွင် ဗဟိုအလုပ်အမှုဆောင်သည် မုဒုံမြို့နယ် ကွမ်တာကျေးရွာ၌ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနမှဆောက်လုပ်မည့် အိမ်တွင်းမှုပညာသင်တန်း ကျောင်းမြေနေရာအားကြည့်ရှုပြီး တာဝန်ရှိသူများက ကျောင်းဆောက်မည့်အခြေအနေများကို တင်ပြကြသည်။

တွေ့ဆုံ

ဖေဖော်ဝါရီ ၂၇ရက် နံနက်ပိုင်းတွင် ဗဟိုအလုပ်အမှုဆောင်သည် ရေးမြို့နယ် ဟံဂံကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံသည်။

ဆက်လက်ပြီး ခေါဇာမြို့နယ်ခွဲသို့ရောက်ရှိပြီး ဓမ္မာရုံ၌ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်(၇)ရပ်အောင်မြင်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းများကောင်းမွန်စေရေးတို့အား ဌာနဆိုင်ရာများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားသည်။

ပူးပေါင်းဆောင်ရွက်

ဖေဖော်ဝါရီ ၂၈ရက် နံနက်ပိုင်းတွင် ဗဟိုအလုပ်အမှုဆောင်သည် ရေးမြို့ တပ်နယ်ရိပ်သာ၌ မြို့နယ်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အောင် ပြည်သူလူထုနှင့်ပူးပေါင်းရေး၊ လူမှုရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကျေးရွာလူထုနှင့်ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ညနေပိုင်းတွင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ပင်ဆားကွင်းသို့ရောက်ရှိပြီး ဆားကွင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား လှည်းကူးမြို့နယ် ကလီထော်(အနောက်) ကျေးရွာအနီး ငမိုးရိပ်ချောင်းဖြတ် ရေငုပ်ပြွန်တည်ဆောက်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်၌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။
(မြို့တော်စည်ပင်)

ရန်ကုန်တိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ငွေပဒေသာပင် အလှူငွေကျပ်နှစ်သိန်း ရှစ်သောင်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်က လက်ခံယူစဉ်။
(က-ပ)

■ ကျောဖုံးမှ

ရန်ကုန်မြို့တော်သည် တစ်ခေတ်တစ်ခါက အရှေ့တောင်အာရှတွင် အလှပဆုံး၊ အသန့်ရှင်းဆုံးမြို့တော်အဖြစ် သတ်မှတ်ခြင်းခံရသော မြို့တော်ဖြစ်သည်။ အရှေ့တောင်အာရှ၏ စံပြမြို့တော်အဖြစ်သို့ ပြန်လည်ရောက်ရှိလာစေရန်အတွက်လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဘက်စုံ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ၁၉၈၈ခုနှစ်ဝန်းကျင်က ရန်ကုန်မြို့တော်၏အကျယ်အဝန်းမှာ ၁၃၃ဒသမ၆၃စတုရန်းမိုင်ရှိပြီး လူဦးရေလေးသန်းသာသာရှိခဲ့ရာမှ ယခုအခါ မြို့တော်၏ အကျယ်အဝန်းမှာ ၂၆၅စတုရန်းမိုင်အထိရှိလာပြီး လူဦးရေမှာလည်း ခြောက်သန်းခန့်အထိ ရှိလာပြီဖြစ်သည်။

ညကြည့်ရောင်ပြန်တပ်ဆင်

ရန်ကုန်မြို့တော်ကို မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်စေရန် လမ်းများ၊ တံတားများ၊ စကြံများကို စနစ်တကျတိုးချဲ့ဆောင်ရွက်သည့်နည်းတူ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်သက်ဆိုင်သည့် လမ်းညွှန်ဆိုင်းဘုတ်များ၊ ယာဉ်ကြောသတ်မှတ်မျဉ်းများ၊ အချက်ပြမီးပွိုင့်များ၊ ညအချိန်ယာဉ်မောင်းများအထောက်အကူဖြစ်စေရန် လိုအပ်သည့်လမ်းနေရာများတွင် လမ်းသားအတွင်းမြှုပ်၍ ညကြည့်ရောင်ပြန်များ၊ နယ်သတ်စည်းမျဉ်း ရောင်ပြန်များ တပ်ဆင်ခြင်းနှင့် ဓာတ်တိုင်များတွင် ညကြည့်ရောင်ပြန် တပ်ဆင်ခြင်းများကို ဆောင်ရွက်ခဲ့သည်။

ယခုပွင့်လင်းရာသီမှစ၍ လမ်းအကျယ်၁၈ပေမှ၇၂ပေအတွင်းရှိလမ်းပေါင်း ၆၇လမ်း၊ အရှည် ၃၈၅၁၈၈ပေကို နိုင်လွန်ကတ္တရာခင်းပေးလျက်ရှိသည်။ ထိုနည်းတူစွာ ကတ္တရာထပ်ပိုးလွှာခင်းပေးနေသည့်လမ်းပေါင်းမှာ ၃၇လမ်းဖြစ်ပြီး ၁၆၈၀၂၁ပေအရှည်ရှိသည်။ ကိုယ့်အားကိုယ်ကိုးလမ်းပေါင်း၇၀ကျော်ကိုလည်း ကတ္တရာခင်းပေးလျက်ရှိသည်။

အားကစားကွင်း ၁၀၁ ကွင်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်ကြီးကို ဥယျာဉ်မြို့တော်ကြီးအဖြစ်ရောက်ရှိစေရန် ရှုချင်စဖွယ်ပန်းအလှပင်များ၊ ရာသီပန်းပင်များ၊ အရိပ်ရအပင်များ စုစုပေါင်း ၂၂၃၀၀၃၉ပင် စိုက်ပျိုးထားပြီးဖြစ်သည်။ ပြည်သူများအပန်းဖြေနိုင်ရန် ပန်းခြံပေါင်း ၅၉ခြံ၊ စံချိန်မီဘောလုံးကွင်းများ၊ ကွင်းလတ်၊ ကွင်းသေးနှင့် ကလေးကစားကွင်းအပါအဝင် အားကစားကွင်းပေါင်း ၁၀၁ကွင်းကိုလည်း တည်ဆောက်ပေးထားသည်။

ရေဂါလန် သန်း ၁၄၀ ဖြန့်ဖြူး

ရန်ကုန်မြို့တော်ကြီးကို ဘက်ပေါင်းစုံမှ ပြုပြင်တည်ဆောက်လျက်ရှိရာ မြို့တော် ရေပေးဝေရေးတွင် တစ်နေ့ရေဂါလန် ၉၅ သန်း အပြင် မြို့တော်သူမြို့တော်သားများ ရေကောင်းရေသန့်ဖူလုံစွာ ရရှိစေရေးအတွက် ရန်ကုန်မြို့တော်ရေပေးဝေရေး စီမံကိန်း(ငမိုးရိပ်)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အထက်ပါစီမံကိန်းကြီး ပြီးစီးသွားပါက ရန်ကုန်မြို့တော်တွင် လက်ရှိ ရေဂါလန်၉၅သန်းအပြင် တစ်နေ့ရေဂါလန် သန်း၁၄၀ပိုမိုဖြန့်ဖြူးပေးသွားနိုင်မည် ဖြစ်ပေသည်။

ဖော်ပြပါစီမံကိန်းများအပြင် မြို့တော်ကြီးတွင် အဓိကအခန်းကဏ္ဍမှ တစ်ခုအပါအဝင်ဖြစ်သည့် မြို့ပြအိမ်ရာတိုးတက်ဖွံ့ဖြိုးရေးအတွက်လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊အင်ဂျင်နီယာဌာန(အဆောက်အအုံ)က စနစ်တကျဆောင်ရွက်လျက်ရှိသည်။ မြို့ပြအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာမှုကို ကြိုတင်ဆောင်ရွက်ထားခြင်းကြောင့် ရေရှည်တွင်မြို့တော်၏ အလှကိုကျက်သရေဆောင်သွားနိုင်မည်ဖြစ်ပေသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် အဆောက်အအုံများနှင့်ပတ်သက်၍ ဆောက်လုပ်နိုင်သည့်အနေအထားတိုင်းကို စိစစ်ခွင့်ပြုလျက်ရှိရာ အစိုးရမြေအမည်ပေါက်မှလွဲ၍ မြို့တော်ကြီး စည်ပင်သာယာလှပတင့်တယ်ပြီး အများပြည်သူအကျိုးကို မထိခိုက်စေသည့် ကိစ္စမှန်သမျှတွင် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆင်ပြေချောမွေ့

ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ကိုယ်ပိုင်အိမ်ရာဆောက်လုပ်လိုသူများ၊ အဆောက်အအုံအကြီးစားပြင်ဆင်လိုသူများ၊ တိုးချဲ့လိုသူများ၊ အသေးစားပြင်ဆင်လိုသူများအခက်အခဲမရှိရလေအောင် အင်ဂျင်နီယာဌာန(အဆောက်အအုံ)က စနစ်တကျခွင့်ပြုဆောင်ရွက်ပေးလျက်ရှိသည်။ အဆောက်အအုံဆောက်လုပ်လိုသူများ၊ ပြင်ဆင်လိုသူများအနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ သတ်မှတ်စည်းမျဉ်း စည်းကမ်း၊ စံနှုန်းစံထားများကို ကြိုတင်သိရှိပါက လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲမရှိဘဲ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် အဆောက်အအုံဆောက်လုပ်မှု ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းထားသည်။ မြို့တော်ဝန်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အင်ဂျင်နီယာဌာန(အဆောက်အအုံ)ဌာနမှူးက အတွင်းရေးမှူးအဖြစ် တာဝန်ယူထားသည်။ အဆောက်အအုံအသစ် ဆောက်လုပ်လိုသူများ၊ တိုးချဲ့လိုသူများ၊ အကြီးစားပြင်ဆင်လိုသူများနှင့် မြေဂရန်သက်တမ်းတိုးခြင်း၊ မြေအမည်ပြောင်းခြင်း၊ ဂရမ်မိတ္တူလျှောက်ထားခြင်း၊ မြေပုံမြေရာဇဝင်လျှောက်ထားခြင်း၊ မြေတိုင်းလျှောက်ထားခြင်းစသည့် လုပ်ငန်းများကိုရုံးပိတ်ရက်မှအပ နေ့စဉ် မြို့တော်ခန်းမ၊ ပထမထပ်ခန်းမကြီးတွင် မွန်းတည့်၁၂နာရီမှ ညနေ ၄ နာရီခွဲအထိ အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးလျက်ရှိသည်။

မူနှင့်အညီခွင့်ပြု

ဆောက်လုပ်ရေးနှင့်ပတ်သက်၍ အသေးစားပြင်ဆင်ခြင်းဆိုသည်မှာ မူလအရွယ်အစား၊ မူလပစ္စည်းများမပြောင်းလဲဘဲ မျိုးတူပစ္စည်းအသစ်များဖြင့် ပြင်ဆင်ခြင်းကို ဆိုလိုပါသည်။ အထက်ပါ အသေးစားပြုပြင်ခြင်းလုပ်ငန်းကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတွင်ပင် ခွင့်ပြုချက်ပေးထားပါသည်။ သို့ရာတွင် လမ်းမကြီးပေါ်ရှိ အဆောက်အအုံအသေးစားပြင်ဆင်ခြင်း ခွင့်ပြုချက်ကိုမူ အင်ဂျင်နီယာဌာန(အဆောက်အအုံ)က ကွင်းဆင်းစစ်ဆေးပြီး မူနှင့်အညီခွင့်ပြုပါသည်။

အဆောက်အအုံအကြီးစား ပြင်ဆင်ခြင်းဆိုသည်မှာ မူလရှိပြီး အဆောက်အအုံကို တိုးချဲ့ခြင်း၊ မြှင့်တင်ခြင်း၊ နှိမ့်ခြင်းမပြုဘဲ မူလပစ္စည်းအမျိုးအစား (သို့မဟုတ်)၎င်းထက် ပိုမိုခိုင်ခံ့သောပစ္စည်းများကို ပြောင်းလဲသုံးစွဲပြီး ရှိရင်းပုံသဏ္ဌာန်ကို မပြောင်းလဲပြင်ဆင်ခြင်းကို ဆိုလိုပါသည်။ အထက်ပါအကြီးစားပြင်ဆင်ခြင်းနှင့်ပတ်သက်၍ လိုအပ်သောစာရွက်စာတမ်းများမှာ–

၁။ မြေပိုင်ဆိုင်မှုအထောက်အထားမိတ္တူမှန်များ (မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးလက်ခံရန်ဖြစ်သည်။)
၂။ ပြင်ဆင်လိုသည့် အဆောက်အအုံ၏ဓာတ်ပုံနှင့် ပြင်ဆင်လိုသည့် အစိတ်အပိုင်းများ၏ဓာတ်ပုံ
၃။ လက်ရှိအဆောက်အအုံနှင့် ပြင်ဆင်မည့် အဆောက်အအုံပုံစံ(၃)စုံ (ပြင်ဆင်မည့်အစိတ်အပိုင်းများကို အနီရောင်ခြယ်ပေးရမည်။)
၄။ သက်ဆိုင်ရာမြို့နယ် စည်ပင်အုပ်ချုပ်ရေးမှူး၏ သဘောထားမှတ်ချက်
၅။ သက်ဆိုင်ရာရပ်ကွက်အာဏာပိုင်အဖွဲ့အစည်း၏ သဘောထားမှတ်ချက်
၆။ အိမ်ငှားဖြစ်ပါက အိမ်ရှင်၏သဘောထားမှတ်ချက်
၇။ အိမ်ရှင်/အိမ်ငှားပြဿနာရှိပါက မြို့နယ်ငှားရမ်းခကြီးကြပ်ရေးဝန်၏ သဘောထားမှတ်ချက်
၈။ လျှောက်ထားသူ၏မှတ်ပုံတင်မိတ္တူ
၉။ လျှောက်ထားသူ၏သန်းခေါင်စာရင်းမိတ္တူ တို့ဖြစ်သည်။

အထက်ဖော်ပြပါ အချက်အလက်များပြည့်စုံပါက အင်ဂျင်နီယာဌာန (အဆောက်အအုံ)၏ ခွင့်ပြုချက်ဖြင့် ပြင်ဆင်နိုင်ပါသည်။

အဆောက်အအုံမွမ်းမံခြင်းနှင့် တိုးချဲ့ခြင်းအဖြစ် အဆောက်အအုံ အစိတ်အပိုင်းတစ်ခုကို သီးသီးသန့်သန့် ပြင်ဆင်ခြင်းမဟုတ်ပါဘဲ လိုအပ်သောအစိတ်အပိုင်းမှန်သမျှကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ပိုမိုကောင်းမွန်ခိုင်ခံ့အောင်ပြုပြင်ခြင်း၊ ပစ္စည်းအမျိုးအစားပြောင်းလဲခြင်း၊ အကြီးစားထက် ပိုမို၍ပြင်ဆင်မွမ်းမံခြင်း လုပ်ငန်းများကို တရားဝင်လျှောက်ထားပြီးမှ ဆောင်ရွက်ခွင့်ရှိသည်။ ဌာနအနေဖြင့် အဆောက်အအုံနည်းဥပဒေများအရ အရွယ်အစားပြောင်းလဲခြင်း၊ ပစ္စည်းပစ္စယပြောင်းလဲလုပ်ကိုင်ခြင်းများကို နည်းမှန်လမ်းမှန်ဆောင်ရွက်ပေးနိုင်ပါသည်။

အဆောက်အအုံသစ်ဆောက်လုပ်လိုသူများ၊ အဆောက်အအုံတိုးချဲ့ဆောက်လုပ်လိုသူများ၊ အကြီးစားပြင်ဆင်လိုသူများအတွက် မြို့တော်ဝန်ဦးစီး၍ ရုံးပိတ်ရက်မှအပ နေ့စဉ်မွန်းတည့်၁၂နာရီမှ ညနေ၄နာရီခွဲအထိ မြို့တော်ခန်းမ ပထမထပ်ခန်းမကြီး၌ ဤသို့အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိသည်။

ဓာတ်ပုံမှတ်တမ်း–သတင်းထောက်သန်းဆွေ(ပန်းဘဲတန်း)

လက်ခံစိစစ်ပေး

အဆောက်အအုံဆိုသည်မှာ မြေကြီးပေါ်တွင် တည်ဆောက်ခြင်းကို ဆိုလိုပါသည်။ ထို့ကြောင့် မြေကြီးသည် ပိုင်ဆိုင်မှုကင်းရှင်းရန် အလွန်အရေးကြီးပါသည်။ ဌာနအနေဖြင့်လည်း သေချာစွာစိစစ်ပေးရမည်ဖြစ်ပါသည်။ ထို့ကြောင့် မြေတစ်ခုပေါ်တွင် အဆောက်အအုံတစ်ခုကို အကြီးစားပြင်ပြင်၊ တိုးချဲ့တိုးချဲ့၊ အသစ်ဆောက်ဆောက်ဌာနကိုတင်ပြလျှင် သုံးနှစ်အတွင်း ရထားသော မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနက ထုတ်ပေးထားသည့် မြေပုံမြေရာဇဝင်ကိုတင်ပြရပါသည်။ တင်ပြသည့်အခါမှသာ လက်ခံစိစစ်စစ်ဆေးပေးပါသည်။

ခွင့်ပြုပေးနိုင်

မြေဆိုသည့်နေရာ၌ အမည်ပေါက်ပိုင်ဆိုင်ခြင်းနှင့် သားစဉ်မြေးဆက်ပိုင်ဆိုင်ခြင်းစသည့် မြို့မြေရာဇဝင်တွင် အမည်ပေါက်မှန်ကန်လျှင် အလွယ်တကူအဆောက်အအုံဆောက်နိုင်ပါသည်။ အချို့ကိစ္စရပ်များတွင် မြေအမည်မပေါက်သော်လည်း စဉ်ဆက်မပြတ် အရပ်စာချုပ်နှင့်ဝယ်ခြင်း၊ အဆိုပါမြေများတွင် တိုင်းရင်းသားအမည်၊ နိုင်ငံခြားသားအမည်ပေါက်များရှိသော်လည်း လက်ရှိနေထိုင်သူမှာ အဆိုပါမြေ၌ရိုးမြေကျနေထိုင်လာခြင်းကြောင့် အဆောက်အအုံသစ်ပြန်ဆောက်လုပ်ရန် ဆန္ဒရှိလာလေ့ရှိပါသည်။ ထိုအခါ ဌာနအနေဖြင့် မူဘောင်အတွင်းဝင်အောင် စနစ်တကျစစ်ဆေးအကြံပြုပြီး လိုအပ်သည့် စာရွက်စာတမ်းများပြည့်စုံပါက အစည်းအဝေးတွင် ဆုံးဖြတ်၍ ခွင့်ပြုပေးနိုင်ပါသည်။

အမည်ပေါက်မြေပေါ်တွင် အမည်ပေါက်သူ၊ သို့တည်းမဟုတ် တရားဝင်ဥပဒေကြောင်းအရ ပိုင်ဆိုင်ခွင့်ရှိသူများအနေဖြင့် အဆောက်အအုံဆောက်လုပ်ရန် တင်ပြလာလျှင် အင်ဂျင်နီယာဌာန(အဆောက်အအုံ)က ၁၅ရက်အတွင်း အမြန်ဆုံးဆောက်လုပ်ခွင့်ပါမစ် ထုတ်ပေးနိုင်ပါသည်။ အဆောက်အအုံဆောက်လုပ်ရာတွင် အောက်ဖော်ပြပါစာရွက်စာတမ်းများ လိုအပ်မည်ဖြစ်ပါသည်။

၁။ ဌာနမှသတ်မှတ်လျှောက်လွှာ
၂။ သက်ဆိုင်ရာဌာနမှ သုံးနှစ်အတွင်းထုတ်ပေးထားသော မြေပုံ၊မြေရာဇဝင်မူရင်း
၃။ ဂရန်မိတ္တူ(သို့) နယ်နိမိတ်တိုင်းတာသတ်မှတ်သည့်မြေပုံ (မူရင်းနှင့်တိုက်စစ်ရန်)
၄။ မြို့နယ်အုပ်ချုပ်ရေးမှူး၏ အခွန်ကြွေးကျန် ကင်းရှင်းခြင်းထောက်ခံချက်၊
၅။ လျှောက်ထားသူ၏ မှတ်ပုံတင်မိတ္တူ
၆။ လျှောက်ထားသူကိုယ်တိုင် သက်ရှိထင်ရှားရှိပြီး လက်မှတ်ရေးထိုးလျှောက်ထားခြင်းဖြစ်ကြောင်းနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထပ်ဆင့်ထောက်ခံချက်
၇။ ဘေးမြေကွက်များမှ ကန့်ကွက်ရန်မရှိကြောင်းနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ထပ်ဆင့်ထောက်ခံချက်
၈။ အိမ်ငှားမရှိလျှင် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ထောက်ခံချက်နှင့် အိမ်ငှားရှိလျှင် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံချက်အပြင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထပ်ဆင့်ထောက်ခံချက်
၉။ လိုင်စင်ရအင်ဂျင်နီယာက လက်မှတ်ရေးထိုးထားသော အဆိုပြုပုံစံသုံးစုံနှင့်ပစ္စည်းစာရင်းသုံးစုံ
၁၀။ သုံးထပ်နှင့်အထက် အဆောက်အအုံများအတွက် အဆောက်အအုံအင်ဂျင်နီယာ(SEC)က တွက်ချက်တင်ပြထားသည့် အဆောက်အအုံ၏ ခိုင်ခံ့မှုဆိုင်ရာ တွက်ချက်မှုပုံစံနှစ်စုံ
၁၁။ လေးထပ်နှင့်အထက် အဆောက်အအုံများအတွက် အဆိုပါအချက်အလက်များအပြင် အောက်ပါအချက်အလက်များကိုလည်း တင်ပြရန်ဖြစ်ပါသည်။
(က) မြေပိုင်ရှင်က လိုင်စင်ရကန်ထရိုက်တာနှင့်သာ ဆောက်လုပ်မည်ဟူသော ဝန်ခံချက်
(ခ) လိုင်စင်ရကန်ထရိုက်တာက ကိုယ်တိုင်ဆောက်မည်ဖြစ်ကြောင်း ဝန်ခံချက်
(ဂ) မြေပိုင်ရှင်၊ ကန်ထရိုက်၊ လိုင်စင်ရအင်ဂျင်နီယာ၊ အဆောက်အအုံအင်ဂျင်နီယာတို့၏ အဆောက်အအုံဆောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိ
(ဃ) မြေခံနိုင်အား စမ်းသပ်နိုင်မှု(Soil Test)စသည့်အချက်အလက်များ အစုံအလင်ပါဝင်ရမည် ဖြစ်ပါသည်။

ခြံစည်းရိုးခတ်သည့် ကိစ္စတွင်လည်း အင်ဂျင်နီယာဌာန(အဆောက်အအုံ)၏ခွင့်ပြုချက်မရရှိပါဘဲ မိမိသဘောဖြင့်ခတ်ခွင့်မရှိပေ။ ခြံစည်းရိုးခတ်ခွင့်ပြုရန်ဌာနသို့ တင်ပြလာလျှင် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၏ ပိုင်ဆိုင်မှုနယ်နိမိတ်ပြမြေပုံကို အခြေခံလျှောက်ထားရပါသည်။ လျှောက်ထားမှု အပေါ်မူတည်ပြီး အင်ဂျင်နီယာ(အဆောက်အအုံ)မြေယာအဖွဲ့က ကွင်းဆင်းစစ်ဆေးပြီး မှန်ကန်ကိုက်ညီလျှင် ခွင့်ပြုပေးပါသည်။

ကြိုတင်ပြင်ဆင်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်ကြီးကို အကွက်အကွင်းကျကျ စနစ်တကျဖြစ်စေရေးအတွက် ရေရှည်မျှော်တွေးပြီး စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိနေပါသည်။ နှစ်များကြာလာသည်နှင့်အမျှ မြို့တော်ကြီးတွင် ယခုထက်လူဦးရေတိုးပွားလာမည့်အပြင် နိုင်ငံ၏ အချက်အချာ မြို့တော်ဖြစ်သဖြင့် စီးပွားကူးသန်းရောင်းဝယ်ရာတွင် အဓိကမြို့တော်အဖြစ် တည်ရှိနေမည်ဖြစ်ပါသည်။ နိုင်ငံတကာမှလည်း လူမှုရေး၊ စီးပွားရေးအရဆိုင်ရာကိစ္စရပ်များနှင့်ဆက်နွှယ်လျက် ရန်ကုန်မြို့တော်ကိုသာ ဦးတည်ဆက်သွယ်လာမည်ဖြစ်သည်။ နှစ်များကြာလာသည်နှင့်အမျှ လူဦးရေ တိုးပွားလာခြင်း၊ လူနေမှုအဆင့်အတန်းမြင့်မားလာခြင်း စသည်တို့ဖြင့် လိုက်ဖက်ညီစွာ မြို့တော်ကြီးအဆင့်အတန်းမြင့်တက်လာမည်ဖြစ်သည့်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက လုပ်ငန်းဆိုင်ရာများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

နိဂုံးချုပ်တင်ပြရလျှင် မြို့တော်တွင် တိုက်တာအဆောက်အအုံများ များပြားပြီး စိမ်းလန်းစိုပြည်မှုနည်းပါးလျှင် အမြင်မတင့်နိုင်ပေ။ မြို့တော်ကြီးစိမ်းလန်းစိုပြည်မှုနှင့်လိုက်ဖက်ညီသော အဆောက်အအုံများကိုသာ ဦးစားပေးတည်ဆောက်ကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် ရေရှည်တွင် အကျိုးရှိစေရန် ဆောင်ရွက်နေသည့်ကာလတွင် အိမ်ရာဆောက်လုပ်ရေးနှင့်ပတ်သက်ပြီး ဆောက်လုပ်သူများ၊ နေထိုင်သူများ၏ ထာဝရအကျိုးစီးပွားကို ရှေးရှုကာ ရန်ကုန်မြို့တော်၏ အလှကိုလည်း ထပ်ဆင့်မြင့်မားအောင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စနစ်တကျခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဝန်ကြီး ဗိုလ်ချုပ်စောထွန်း လမ်း၊တံတားလုပ်ငန်းများစစ်ဆေး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်မှာကြား

ရန်ကုန် မတ် ၂

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ၁၉ရက် နံနက်ပိုင်းတွင် မန္တလေးမြို့မှ မန္တလေး–မုံရွာ–ရေဦးလမ်းနှင့် ရေဦး–ကလေးဝလမ်းအတိုင်း ထွက်ခွာလာပြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်က ဆောင်ရွက်နေသည့် အမာခံကျောက်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

အမြဲစစ်ဆေးပြုပြင်

ဝန်ကြီးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် ပျဉ်းကိုင်းမှ ရေဦး–ကလေးဝလမ်းအတိုင်းထွက်ခွာလာခဲ့ပြီး ကလေးခရိုင် မင်းကင်းမြို့နယ်အပိုင်းမောက်ကတော်သဲချောင်းနေရာကြားရှိ ရေပြွန်များ၏ ရေသွားရေလာလမ်းကြောင်းအခြေအနေတို့ကို စစ်ဆေးပြီး တံတားများ၊ရေပြွန်များ၊ ရေစီးလမ်းကြောင်းပိတ်ဆို့၍ လမ်းပျက်စီးခြင်း၊ တံတားများပျက်စီးခြင်း မဖြစ်ရအောင် အမြဲစစ်ဆေးပြုပြင် ဆောင်ရွက်ရန် ဝန်ကြီးက တာဝန်ရှိသူများအား မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့အား ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် ဖောင်းပြင်မြို့ ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး၌ လမ်းအထူး(၁၀) ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်တင့်က သက္ကယ်ကျင်း–ဖောင်းပြင်–ခန္တီးလမ်းအပိုင်း လမ်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ စစ်ကိုင်းတိုင်း အင်ဂျင်နီယာမှူးကြီး ဦးကြည်ထွန်းက ဖြည့်စွက်တင်ပြပြီး ဝန်ကြီးက လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် ကြိုးထိန်းခံ ဘိုးပိုင်တူးခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဟုမ္မလင်းဘက်ခြမ်းရှိ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိသည်။ စီမံကိန်း တာဝန်ခံအင်ဂျင်နီယာမှူး ဦးချစ်က ဥရုတံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်း တင်ပြရာ ဝန်ကြီးက ကြိုးထိန်းခံလုပ်ငန်းနှင့် တာဝါတိုင်လုပ်ငန်းကို ဦးစားပေး ဆောင်ရွက်ရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် ဥရုမြစ်ကူးတံတားမှ သက္ကယ်ကျင်း–ဖောင်းပြင်–ဟုမ္မလင်း–ခန္တီးလမ်းအတိုင်း ခန္တီးမြို့သို့ထွက်ခွာခဲ့ရာ လမ်းတစ်လျှောက်ရှိ တည်ဆောက်မည့် တံတားများ၏ အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၃ရက် နံနက်ပိုင်းတွင် ခန္တီးလေဆိပ်လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ စီမံကိန်းရှင်းလင်းဆောင်တွင် ဝန်ကြီးက မှာကြားရာ၌ လုပ်ငန်းကိုဆောင်ရွက်နိုင်သ၍ စောင့်ဆိုင်းမနေဘဲ လုပ်ကိုင်ရန်၊ ရနိုင်သလောက် အချိန်ပြည့် တိုးချဲ့စီမံဆောင်ရွက်သွားရန်၊ မြေကြီးဖို့ခြင်း၊ ကျောက်ခင်းခြင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းများကို လုပ်ငန်းစဉ်အလိုက် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ကိုက်ညီအောင် အရည်အသွေးစမ်းသပ်၍ ဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေးသည်။ **(သတင်းစဉ်)**

မတ် ၂ ရက်က မကွေးတိုင်း မြို့သစ်မြို့နယ်အသင်း (ရန်ကုန်)၏ ပထမအကြိမ် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ စက်မှုမွှာရုံ၌ကျင်းပရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဆရာကြီးဦးဂိုအင်ကာ ဝိပဿနာတရားပတ် အစီအစဉ်ဖွင့်မည်

ရန်ကုန် မတ် ၂

ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဇောတိဝိပဿနာရိပ်သာတွင် လယ်တီဆရာတော်ကြီး၏ နည်းနာနိဿယအတိုင်း မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးဂိုအင်ကာ၏ ၂၀၀၅ ခုနှစ် ဝိပဿနာတရားပတ် အစီအစဉ်အဖြစ် မတ် ၁၄ ရက်မှ ၂၅ရက်အထိ လူကြီး ၁၀ရက်၊ မတ် ၂၆ရက် ကလေးအာနာပါန (ရှစ်နှစ်မှ ၁၂နှစ် အထိ) တစ်ရက်၊ မတ် ၂၇ရက်မှ ၂၉ ရက်အထိ ကလေးအာနာပါန (၁၃ နှစ်မှ ၁၆နှစ်အထိ) သုံးရက်၊ ဧပြီ ၁ရက်တွင် လူကြီးများအတွက် တစ်ရက် တရားပတ်များဖွင့်လှစ်မည်ဖြစ်ရာ ဖုန်း–၅၄၉၂၉၀ နှင့် ၅၄၆၆၆၀ တို့သို့ ဝိပဿနာတရားပတ် ဝင်ရောက်လိုသူများ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

မြန်မာ–ဂျပန်ချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ မြန်မာအသင်းက ဂျပန်တက္ကသိုလ်အသင်းကိုအနိုင်ရ

ရန်ကုန် မတ် ၂

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသော မြန်မာ–ဂျပန် ချစ်ကြည်ရေး အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ပန်းစည်းများလဲလှယ်

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင် အမျိုးသားအသင်းနှင့် ဂျပန်နိုင်ငံ Kinki တက္ကသိုလ် (အမျိုးသား) ဘော်လီဘောအသင်းတို့သည် သတ်မှတ်နေရာတွင် နေရာယူပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးနှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌတို့က နှစ်နိုင်ငံဘော်လီဘောလက်ရွေးစင် အားကစားသမားများအား တစ်ဦးချင်း နှုတ်ဆက်ကြပြီး နှစ်နိုင်ငံ ဘော်လီဘောလက်ရွေးစင် အားကစားသမားများက အလံ၊ ရင်ထိုးတံဆိပ်နှင့် ပန်းစည်းများ လဲလှယ်ကြသည်။

ထို့နောက် မြန်မာ–ဂျပန်ချစ်ကြည်ရေး အမျိုးသားဘော်လီဘောပြိုင်ပွဲ၏ ပထမပွဲစဉ်အဖြစ် ဂျပန်နိုင်ငံKinki တက္ကသိုလ်ဘော်လီဘောအသင်းနှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းက(၂၃–၂၅) မှတ်၊ (၂၁–၂၅)မှတ်၊ (၂၅–၁၆)မှတ်၊ (၂၅–၂၃)မှတ်၊ (၁၅–၁၃)မှတ်ဖြင့် အနိုင်ရရှိသွားသည်။

ဒုတိယပွဲစဉ်

မြန်မာ – ဂျပန် ချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲ၏ ဒုတိယပွဲစဉ်ကို မတ် ၄ရက် ညနေ ၃ နာရီတွင် ယင်း အားကစား ပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

မြန်မာ–ဂျပန် ချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲယှဉ်ပြိုင်ရန် ရန်ကုန်မြို့သို့ရောက်ရှိနေသော ဂျပန်နိုင်ငံမှ Kinki တက္ကသိုလ် (အမျိုးသား) ဘော်လီဘောအသင်းအား မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်က တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌက ဝန်ကြီး၊ ဂျပန်နိုင်ငံသံအမတ်ကြီးနှင့် ဂျပန်နိုင်ငံ Kinki တက္ကသိုလ် (အမျိုးသား) ဘော်လီဘော အသင်းဝင်များအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

တည်ခင်းဧည့်ခံ

ထို့နောက် ဝန်ကြီးနှင့် ဂျပန်နိုင်ငံ Kinkiတက္ကသိုလ် (အမျိုးသား) ဘော်လီဘောအသင်းအဖွဲ့ခေါင်းဆောင်တို့သည် ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နတ်တလင်း ကျခတ်ဝါးရုံကျေးရွာအုပ်စု၌ စပါးခွံသုံးဓာတ်အားပေးစက်ရုံဖွင့် အိမ်ခြေ ၃၃၀အတွက် လျှပ်စစ်ဓာတ်အား ပေးဝေနိုင်

နတ်တလင်း ဖေဖော်ဝါရီ ၂၃

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ကျခတ်ဝါးရုံကျေးရွာအုပ်စု တာစုရွာတွင် ၅၀ KVA စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၃ရက် နံနက် ၉ နာရီက ကျင်းပသည်။ (အောက်ပုံ)

အခမ်းအနားကို ပဲခူးတိုင်း (အနောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် လှမင်းက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းလှိုင်နှင့် ကျေးရွာမီးလင်းရေး ကော်မတီဥက္ကဋ္ဌ ဦးလှစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ကျေးရွာမီးလင်းရေးလုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သီတာရေစင် ဆန်စပါးရောင်းဝယ်ရေးမှ ဦးဇော်လွင်ဦးနှင့် ထိပ်တန်းဆန်စက်ပိုင်ရှင် ဦးထွန်းထွန်းတို့က အလှူငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ရောရွှေဝါကုမ္ပဏီလီမိတက်မှ အလှူငွေကျပ်သုံးသိန်းကိုလည်းကောင်း ပဲခူးတိုင်း (အနောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းထံ ပေးအပ်လှူဒါန်းသည်။

အဆိုပါ Rice Husk Gaifier စပါးခွံသုံး ဓာတ်ငွေ့အင်ဂျင်မှာ မြင်းကောင်ရေ ၁၂၀ရှိ Hino Tellအင်ဂျင်ဖြစ်ပြီး တစ်နာရီ ကီလိုဝပ် ၅၀ ထွက်ရှိမည်ဖြစ်၍ တစ်နေ့လျှင် ၁၀တန်ကျ ဟာလာဆန်စက်နှင့် အိမ်ခြေ ၃၃၀တို့ လျှပ်စစ်ဓာတ်အား ပေးဝေနိုင်မည်ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ကြည့်ရှုအားပေး

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ရန်ကုန်မြို့ အမျိုးသားအားကစားရုံ (၁) သုဝဏ္ဏ၌ ကျင်းပသော မြန်မာ–ဂျပန် ချစ်ကြည်ရေး အမျိုးသား ဘော်လီဘောအသင်းများ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဥပဒေမိသားစု ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

ရန်ကုန် မတ် ၂

အထက်မြန်မာနိုင်ငံ ဥပဒေမိသားစု ဒုတိယအကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၆ရက် ညနေပိုင်းက မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကွင်းတွင် ကျင်းပရာ ပြိုင်ပွဲဝင် အားကစားသမားများအဖြစ် ဥပဒေမိသားစုဝင်များ ဖြစ်ကြသော တရားရုံးချုပ် (မန္တလေး)နှင့် တရားရုံးများမှ တရားသူကြီးများ၊ ရှေ့နေချုပ်ရုံးခွဲ(မန္တလေး) နှင့် ဥပဒေရုံးများမှ ဥပဒေအရာရှိများ၊ မှူခင်းဆရာဝန်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း ၇၂ ဦး ပါဝင်ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲတွင် တံခွန်စိုက်ပထမဆုကို အထက်တန်းရှေ့နေ ဦးအောင်ငွေက ရရှိပြီး ပြိုင်ပွဲတွင် အုပ်စုအလိုက် ပထမ၊ ဒုတိယရရှိသူများ၊ အဝေးဆုံးရိုက်ချက်ဆု၊ အနီးဆုံးရိုက်ချက်ဆု၊ ဘာဒီအများဆုံးဆု၊ အီဂယ်ဆု၊ ပါအများဆုံးဆုနှင့် အကောင်းဆုံးယှဉ်ပြိုင်သူဆုရရှိသူတို့အား ရှေ့နေချုပ်ရုံးခွဲ (မန္တလေး) ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်၊ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပံ့ပိုးကူညီသည့် လီယိုကွန်ပျူတာ ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

(အပေါ်ပုံ) (က–ပ)

ပြည်မြို့ စူဠာမဏိစာတ်ပေါင်းစုစေတီတော် ပုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ ရတနာမာရ်အောင် တောရကမ္မဋ္ဌာန်းအလင်းပြတိုက်ကြီး၏ဦးစီးပဓာနမဟာနာယက ကမ္ဘာ့ရွှေရင်အေးဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစ္ဆာဗလ ဦးစီးကျင်းပတော်မူသော မဟာရွှေမြင့်မိုရ် စူဠာမဏိစာတ်ပေါင်းစုစေတီတော်မြတ်ကြီး၏ ပဌမအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၅ရက် နံနက်ပိုင်းက အဆိုပါစေတီတော်မြတ်ကြီး၏ ပရဝဏ်အတွင်း၌ကျင်းပရာ ကမ္ဘာ့ရွှေရင်အေးဆရာတော်ကြီးနှင့် ပင့်သံဃာဆရာတော်များ ကြွရောက်တော်မူကြပြီး ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့်ကောင်စီဝင်များ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့များ၊ တပည့်ဒါယကာ ဒါယိကာမများ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ဧည့်ပရိသတ်များက ကမ္ဘာ့ရွှေရင်အေးဆရာတော် ဘဒ္ဒန္တဝိစ္ဆာဗလ ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီးက အနုမောဒနာတရား ဟောကြားတော်မူသည်။

ယင်းနောက် ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် တာဝန်ရှိသူများက မဟာရွှေမြင့်မိုရ် စူဠာမဏိစာတ်ပေါင်းစုစေတီတော်မြတ်ကြီး၏ ပဌမအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားတော်များ ဟောကြားမည်

ရန်ကုန် မတ် ၂

မင်းကွန်းတောင်ရိုး ဓမ္မစေတီကျောင်းတိုက် ဓမ္မစေတီဆရာတော် ဘဒ္ဒန္တနာဂိန္ဒာလင်္ကာရ (သာမဏေကျော် ဓမ္မာစရိယ ပါဠိပါရဂူ ဝိသိဋ္ဌဝိနယ အင်္ဂုတ္တရနိကာယဝိဒူ ဝိသိဋ္ဌဝိနယဓရ ဝိနယဓရ အဂ္ဂဓမ္မာစရိယ ဥဘတော ဝိဘင်္ကောဝိဒ မလွန်ဓမ္မကထိက)အရှင်သူမြတ်သည် မတ် ၃၊ ၄၊ ၅ ရက်များတွင် မိုးညှင်းမြို့၊ ၆ရက်တွင် ဟိုပင်၊ ၇ ရက်တွင် နန်းခွင်နန်းရင်း၊ ၈၊၉ ရက်တွင် ညောင်ပင်မိုးညှင်း၊ ၁၀ နှင့် ၁၁ ရက်တွင် တက်ပလက်ရွှေမော်၊ ၁၂ ရက်မှ ၃၁ ရက်အထိ ဖားကန့် စသော မြို့များ၌ နိဗ္ဗာန်ရောက်ကြောင်း တရားများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကျိုက်ဝိုင်းစေတီတော် မြတ် ကြီးရင်ပြင်တော်ရှိ ရှေးဟောင်း လင် စွိတောင်တန်ဆောင်းတော်ကြီး အကြီးစား မွမ်းမံပြင်ဆင်ပြီးစီးခြင်း စာရွက်စာတမ်းများဘုရားကြီး ဂေါပကသို့ လွှဲပြောင်း အပ်နှံခြင်းအခမ်းအနားကို ဖေဖော်ဝါရီ၁၇ ရက်က ကျင်းပရာ အလှူရှင် ဦးသန်းအောင် (MD Three Star Woven Bag ind)၊ ဒေါ်ခင်သက်လွင် မိသားစုတို့က စာရွက်စာတမ်းများကို ဂေါပကအဖွဲ့ဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်စဉ်။ (က-ပ)

ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော် အလှူငွေပေးအပ်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ တက်ရောက်

ရန်ကုန် မတ် ၂

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ဒေသခံတိုင်းရင်းသားခေါင်းဆောင်များဖြစ်ကြသည့် ဦးလွယ်မောင်း၊ ဦးကောင်တိုင်းတို့နှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ၂၈ရက်နံနက် ၁၁နာရီခွဲတွင် လားရှိုးမြို့ နယ်မြေခံတပ်ရင်း၏ စံပြနှစ်ရှည် ဆင်းရွှေလီပျားလိမ္မော် ၂၁သမ ၇၅ ဧက စိုက်ခင်းသို့ရောက်ရှိပြီး စိုက်ခင်းအတွင်း နှစ်နှစ်သားအရွယ် ဆင်းရွှေလီ ပျားလိမ္မော်ပင်များ စိုက်ခင်းနှင့်တွဲဖက်၍ ပျားအုံများမွေးမြူထားရှိမှု၊ စိုက်ခင်းအတွင်းသီးညှပ်စိုက်ပျိုးထားရှိသည့် ရာသီသီးနှံ ဟင်းသီးဟင်းရွက်ပင်များစိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးနှင့်ဒေသခံတိုင်းရင်းသား ခေါင်းဆောင်များပါဝင်သည့် အဖွဲ့သည် တိုင်းစစ်ဌာနချုပ် ကော်ဖီပင်(ငါးသိန်း) နှင့်မက္ကဒေးမီးယားပင်(တစ်သောင်း ငါးထောင်) ပျိုးဥယျာဉ်သို့ ရောက်ရှိပြီး ပျိုးဥယျာဉ်အတွင်း ကော်ဖီနှင့် မက္ကဒေးမီးယားမျိုးစေ့များကို ပျိုးပေါင်စနစ်ဖြင့် ပျိုးထောင်ထားရှိမှုနှင့်ပျိုးပင်ကြီးများကို ခေတ်မီရေဖျန်းစနစ်ဖြင့် ပြုစုပျိုးထောင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲ ၁ နာရီတွင် တိုင်းမှူးသည် လားရှိုးမြို့အဝင် ရွှေတိဂုံပုံတူ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ရှိ သာသနာ့ဗိမာန်တော်ကြီးအတွင်း၌ကျင်းပသည့် ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော် အဌမအကြိမ် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေနှင့် အဖွဲ့ဝင်များ၊ အထူးဒေသ(၃)မှ ရှမ်းတိုင်းရင်းသားအဖွဲ့ခေါင်းဆောင်များဖြစ်ကြသည့် ဦးလွယ်မောင်းနှင့် ဦးကောင်တိုင်း၊ အထူးဒေသ(၅)မှ ကချင်တိုင်းရင်းသားကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ဦးဇော်ယွန်၊ အထူးဒေသ(၇)မှ ပလောင်တိုင်းရင်းသားအဖွဲ့ခေါင်းဆောင် ဦးအိုက်မုန်း၊ အထူးဒေသ(၁)မှ ကိုးကန့်တိုင်းရင်းသားကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးရန်ကြီးမြင့်၊ မန်ပန်ဒေသ တိုင်းရင်းသားအဖွဲ့ခေါင်းဆောင် ဦးစိုင်းမွန်း၊ တာမိုးညဲဒေသမှ ဦးချစ်ဆွေနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အလှူငွေပေးအပ်

ထို့နောက် စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ အထူးဒေသ(၃)မှ ရှမ်းတိုင်းရင်းသားအဖွဲ့ကိုယ်စား ဦးလွယ်မောင်းနှင့် ဦးကောင်တိုင်း၊ အထူးဒေသ(၅)မှ ကချင်တိုင်းရင်းသားအဖွဲ့ကိုယ်စား ဦးဇော်ယွန်၊ မန်ပန်ဒေသ တိုင်းရင်းသားအဖွဲ့ခေါင်းဆောင် ဦးစိုင်းမွန်း၊ အထူးဒေသ(၇)မှ ပလောင်တိုင်းရင်းသား အဖွဲ့ကိုယ်စား ဦးအိုက်မုန်း၊အထူးဒေသ(၁) ကိုးကန့် တိုင်းရင်းသားအဖွဲ့ ကိုယ်စား ဦးရန်ကြီးမြင့်၊ တာမိုးညဲ ဒေသခံတိုင်းရင်းသားအဖွဲ့ကိုယ်စား ဦးချစ်ဆွေတို့က အလှူငွေများကို အသီးသီးပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် အလှူရှင် ၁၅ဦးတို့က အလှူငွေများဆက်လက်ပေးအပ်လှူဒါန်းကြရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖူးမြော်ကြည်ညို

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်တွင်တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ရွှေထီးတော်၊ ပန်းလည်တိုင်၊ငှက်မြတ်နားတော်များနှင့် မူဆယ်မြို့ ၁၀၅ မိုင်စခန်းရှိ ရန်တိုင်းအောင်ဆုတောင်းပြည့်စေတီတော်တွင် တင်လှူမည့် စိန်ဖူးတော်တို့ကို ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးနှင့် တိုင်းရင်းသားခေါင်းဆောင်များအဖွဲ့သည် ရန်တိုင်းအောင်ဆုတောင်းပြည့်မြို့ဦးစေတီတော် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် လားရှိုးမြို့ ဟူးမွန်ကျေးရွာရှိ အထူးအထွက်တိုး ဆင်းရွှေလီပဲပုပ်စံပြဧက ၁၀၀စိုက်ခင်းသို့လည်းကောင်း၊ လားရှိုးမြို့ ရေပူစမ်းကျေးရွာအနီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ ဆင်းရွှေလီ အထူးအထွက်တိုး နွေစပါးစိုက်ခင်းသို့လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာကြသည်။ ထို့နောက် တိုင်းစစ်ဌာနချုပ် စခန်းရုံးမိသားစုများ၏ စံပြနှစ်ရှည်ဆင်းရွှေလီလိုက်ချီးအပင်၁၀၀၀ နှင့် သီးညှပ်နေကြာစိုက်ခင်းရှင်းလင်းဆောင်သို့ရောက်ရှိပြီး စိုက်ခင်းမှထွက်ရှိသည့် ပဲပုပ်နှင့် နေကြာမျိုးစေ့များ၊ ပဲပုပ်မှထုတ်လုပ်သော စားသောက်ဖွယ်ရာ ထွက်ကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

အဌမအကြိမ်မြောက် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ပုဇွန်တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်မောင်စိုး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမင်းညွန့်နှင့် မြို့နယ်ကျန်းမာရေးဌာန ကျန်းမာရေးမှူး ဒေါက်တာဒေါ်ယဉ်မြင့်တို့ဦးဆောင်၍ မတ် ၁ ရက်က အမှတ်(၃)ရပ်ကွက်ရှိ တာဝတိံသာ လမ်းတစ်လျှောက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။(က-ပ)

ပညာရေးအသံလွှင့်အစီအစဉ်များထုတ်လွှင့်ရေးညှိနှိုင်း ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း တက်ရောက်မှာကြား

ရန်ကုန် မတ် ၂

၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရေးအသံလွှင့် အစီအစဉ်များ ထုတ်လွှင့်ရေးညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာနရုပ်ရှင်ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်မျိုးမင်းက ပညာရေး အသံလွှင့်အစီအစဉ်များကို ပညာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ နှစ်စဉ်ထုတ်လွှင့်ပေးလျက်ရှိရာ အောင်မြင် အကျိုးရှိကြောင်း၊ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရေးအသံလွှင့်အစီအစဉ်များ ထုတ်လွှင့်ရာတွင်ထိရောက်မှုရှိရေး၊ စိတ်ဝင်စားဖွယ် ဆွဲ ဆောင်မှုရှိသော သင်ခန်းစာများထုတ်လွှင့်ရေး၊ အသံလွှင့်သင်ခန်းစာ သတ်မှတ်ရွေးချယ်မှုစနစ် အခြေခံအချက်များ ပြုပြင်ပြောင်းလဲရေး၊ ပြောင်းလဲကျင့်သုံးမည့် အသံလွှင့်သင်ခန်းစာအစီအစဉ်များကို ကျွမ်းကျင်ပညာရှင်များအကူအညီဖြင့် စိတ်ဝင်စားဖွယ်ဖြစ်အောင် ထုတ်လုပ်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့နောက်လက်ထောက်ပညာရေးသုတေသနအရာရှိ ဒေါ်ကြည်ကြည်ခက ပညာရေးအသံလွှင့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးမြင့်ဟန်၊ ဦးဘိုဝင်း၊ ဦးတင်ညိုနှင့် အစည်းအဝေးတက်ရောက်သူများက အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက်ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်မျိုးမင်းက အကြံပြု ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ပညာရေးဝန်ကြီးဌာနနှင့်ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ နှစ်စဉ် ပညာရေး အသံလွှင့် အစီအစဉ်များကို ထုတ်လွှင့်ပေးလျက်ရှိရာ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းသားကျောင်းသူများ၊ပညာရေးကောလိပ်နှင့် ပညာရေးတက္ကသိုလ် စာပေးစာယူ သင်တန်းသားများအတွက် သင်ခန်းစာများနှင့်ပညာရေးအကောင်အထည်ဖော်မှုဆိုင်ရာ လမ်းညွှန်ချက်များ စသည့် သင်ခန်းစာပေါင်း၂၆၅ ခုကို ၂၀၀၅ခုနှစ် ဇူလိုင် ၅ ရက်မှ ၂၀၀၆ခုနှစ် မတ် ၂၁ ရက်အထိ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓ သာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း(ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် ကွယ်လွန်သူအစ်မ ဒေါ်သောင်းမိုန် နှင့် ခင်ပွန်း ဦးအောင်ထွန်းအား ရည်စူး၍ ဒေါ်သောင်းစိန်မိသားစုက ငွေကျပ်တစ်သိန်းကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သင့်ဘဝတိုးတက်ရေး စာကြည့်တိုက် နှစ်ပတ်လည် စာပေဟောပြော

ရန်ကုန် မတ် ၂

သင့်ဘဝတိုးတက်ရေး စာကြည့်တိုက် သုံးနှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားအထိမ်းအမှတ် စာပေဟောပြောပွဲကို ကော့မှူးမြို့နယ် တော်ကေးကျေးရွာတွင် ဖေဖော်ဝါရီ ၂၆ရက် ည၇နာရီမှ ၁၁နာရီအထိ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း) (မြင်းမူမောင်နိုင်မိုး)၊ ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)နှင့် ဒေါ်ခင်သန်းဝင်း(ကြူကြူသင်း)တို့က ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့် စာပေရေးရာများ ဟောပြောခဲ့ကြကြောင်း သိရသည်။ **(က-ပ)**

ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် ခေမာသီဝံကျောင်း၏ ခေမာကာရီ ပရိယတ္တိစာမေးပွဲ စာအောင်သံဃာတော်များအား ချီးကျူးပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပရာ အလှူရှင် ဒေါက်တာဒေါ်ခင်ရီကိုယ်စား မနန်းအေးအေးသီ၊ မနန်းသူသူကျော်တို့က ဓမ္မပူဇာဝတ္ထုငွေကျပ် ၆၄၀၀၀၀ ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အလက(၈) သာကေတ၏ ၂၀၀၃ - ၂၀၀၄ ပညာသင် နှစ် မိတဆရာအသင်း နှစ် ပတ် လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ပေးပွဲကို ဖေဖော်ဝါရီ ၂၀ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သူဇာက အဋ္ဌမတန်းပညာရည်ချွန် ဆုရ မဝေမွန်ဝင့်ဇော်အား ဆုချီးမြှင့်စဉ်။ (က-ပ)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ကဗျာပြိုင်ပွဲဆုရရှိသူများ အမည်စာရင်းထုတ်ပြန်ကြေညာ

ရန်ကုန် မတ် ၂

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ကဗျာနှင့်အနုပညာပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသော ကဗျာပြိုင်ပွဲအသီးသီး၌ ဆုရရှိသူများ အမည်စာရင်းကို သက်ဆိုင်ရာက ယမန်နေ့က ထုတ်ပြန်ကြေညာသည်။

အဆင့်(၁)ကဗျာတိုပြိုင်ပွဲ

အဆင့် (၁) ကဗျာတိုပြိုင်ပွဲတွင် ရွှေညာသားမြတ်မင်း၏ **'ရွှေနိုင်ငံရွှေခရီး'**က ပထမ၊ ပုဏ္ဏဝတီတင့်နှောင်း၏ **'နိုင်ငံတော်သစ် ရွှေတစ်ခေတ် ထုဆစ်ပုံဖော် တပ်မတော်'**က ဒုတိယ၊ အဖျောက်မြေ မောင်ဆွေမွန်၏ **'အတိတ် ပစ္စုပ္ပန် အနာဂတ်၊ ဂုဏ်ဒြပ်ကျော်မော်တပ်မတော်'**ကတတိယ၊ မစောဏ္ဍသက်မောင်၏ **'ပြည်သူ့အတွက် မြဝတ်ရုံ'**က အထူးဆု(၁)၊ မောင်အေးလေး၏ **'သမိုင်းမော်ကွန်း လဝန်းပေါ်မှပုံရိပ်များ'**က အထူးဆု(၂)၊ မောင်သင်းပျံ့ (ကျိုက်ကော်)၏ **'ကမ္ဘာသိသည့် ဇာတိအစဉ်အလာ'**က အထူးဆု(၃)၊ မျိုးစစ်သည်၏ **'အမျိုးသားအောင်ပွဲဆင့်ဆင့်နွှဲ လက်တွဲချစ်ကြည် ခေတ်သစ်ဆီ'**က အထူးဆု(၄)၊ မင်းသွေးနွယ်(ဇီးကုန်း)၏ **'ရွှေနိုင်ငံသစ် သမိုင်းသစ် ဖွင့်လှစ်ပုံဖော် မြန်မာ့တပ်မတော်'**က အထူးဆု(၅)၊ ဘုံတောင်မြေ နေဦးခက်၏ **'သူရဲကောင်းတို့ တပ်မတော်'**က အထူးဆု(၆) အသီးသီးရရှိကြသည်။

အဆင့်(၁)ကဗျာရှည်ပြိုင်ပွဲ

အဆင့်(၁) ကဗျာရှည်ပြိုင်ပွဲတွင် မျိုးစစ်သည်၏ **'အလင်္ကာဆင့်ထပ်၊ အစဉ်အလာမြင့်မြတ်ဂုဏ်ဒြပ်နှင့် တပ်မတော်'**က ပထမ၊ မျိုးခိုင်(မူဆယ်)၏ **'ဝေစည်ဖွံ့ဖြိုးပြည့်အကျိုး သယ်ပိုးထမ်းရွက် ခေတ်စဉ်ဆက်၊ ထက်မြက် ထင်ပေါ် မြန်မာ့တပ်မတော်'**က ဒုတိယ၊ လှိုင်ဝင်းဆွေ၏ **'စဉ်လာကောင်းသော တပ်မတော်'**က တတိယ၊ မောင်မြေမာ(ဖျာပုံ)၏ **'သမိုင်းတစ်ခေတ် မော်ကွန်းလှစ် မျိုးချစ်တပ်မတော် တိုက်ပွဲပျော်'**က အထူးဆု(၁)၊ ရေနံ့သာ မောင်ကျော်ညွန့်၏ **'အေးချမ်းဝေစည် ပန်းရွှေပြည်'**က အထူးဆု(၂)၊ မောင်စိုးမြတ်(ချောင်းဦး)၏ **'ဝီရရေမြေအစွမ်းထက်နေ၊ အရှည်သဖြင့်အခြေတင့်'**က အထူးဆု(၃) အသီးသီးရရှိကြသည်။

အဆင့်(၂)ကဗျာတိုပြိုင်ပွဲ

အဆင့်(၂) ကဗျာတိုပြိုင်ပွဲတွင် လွင်သက်မောင်၏ **'ပြည်သူ့သားကောင်း တပ်မတော်'**က ပထမ၊ စောယင်ယင်(မိုးညှင်း)၏ **'တပ်မတော်စွမ်းအား ထွန်းကားခေတ်မီ ပြည်သစ်ဆီသို့'**က ဒုတိယ၊ ဝင်းလဲ့မွန် (စီးပွားရေးတက္ကသိုလ်)၏ **'အမျိုးသားရေးလမ်းကြောင်းမှန် ပြည်ထောင်စု မြန်မာနိုင်ငံ'**က တတိယ၊ နိုင်မင်းညီ(ကော့မှူး)၏ **'တပ်မတော်ဂုဏ်ရောင် ထွန်းလင်းပြောင်လျက် နိုင်ငံသစ်ဆီရှေ့သို့ချီ'**က အထူးဆု(၁)၊ ပွင့်သစ်ဦး(ကလေးဝ)၏ **'သမိုင်းအရှည် တည်လာ တိုင်းရွှေပြည်မဟာ၏ ရွှေညီလာမှသည်'**က အထူးဆု(၂)၊ ဇလွန်မောင်စိမ်းအောင်၏ **'မျိုးချစ်ဂုဏ်ရောင် ထွန်းပြောင်ရွှန်းလက်ပြည်သူ့အတွက်တပ်မတော်'**က အထူးဆု(၃)၊ မေသက်နွယ်ဦး၏ **'ပြုံးပျော်ဝမ်းမြောက်၊ လျှောက်ကြပါစမ်း၊ ပန်းတိုင်ရောက်ဖို့ လက်တစ်ကမ်း'**က အထူးဆု(၄)၊ သဲမြညွှာ၏ **'နိုင်ငံတည်ဆောက်၊ ထွန်းတောက်သမိုင်း၊ တုနှိုင်းဂုဏ်ဒြပ်၊ မြင့်မြတ်ထင်ပေါ်တပ်မတော်'**က အထူးဆု(၅)၊ ဟန်သိန်းသာ(တိတ်ပု)၏ **'နိုင်ငံ့သားကောင်း ဒို့စစ်သည်'**က အထူးဆု(၆) အသီးသီး ရရှိကြသည်။

အဆင့်(၂)ကဗျာရှည်ပြိုင်ပွဲ

အဆင့်(၂)ကဗျာရှည်ပြိုင်ပွဲတွင် ကျော်စွာသူ(သာယာဝတီ)၏ **'အနာဂတ်၏ကြယ်ပွင့်များ'**က ပထမ၊ မူဆယ်ဝေါင်းခမ်း၏ **'ပြည်ထောင်စု တပ်မတော် သွေးချင်းဖော် ရွှေပေါ်တင်မြရွှန်းရွှန်းပ'**ကဒုတိယ၊ တက္ကသိုလ်ချောအိအိဇင်(မကွေး)၏ **'မြတ်ပန်းဝေစည် ပန်းရွှေပြည်၏ ဥယျာဉ်မှူးတပ်မတော်'**က တတိယ၊ ဂမုန်းပွင့်(မကွေး)၏ **'သမိုင်းစဉ်ဆက် ပြည်သူ့ဘက်မှ လက်ယှက်ညီညာ ရပ်တည်လာသော မြန်မာ့တပ်မတော်'**က အထူးဆု(၁)၊ ရဲရဲထွန်း(ဟသ်ာတ)၏ **'ရောဝတီ မဟာဗန္ဓုလမှသည် မျိုးဂုဏ်ဇာတိသတ္တိသိက္ခာအစဉ်အလာနှင့် တပ်မတော်'**က အထူးဆု (၂)၊ ကိုကို(ရေနံ့သာ)၏ **'မြင့်မြတ်ပင်လယ်'**က အထူးဆု(၃)အသီးသီး ရရှိကြသည်။

ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများသည် ၂၀၀၅ခုနှစ် မတ်လ ၂၇ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုများတက်ရောက်ယူရန်ဖြစ်သည်။ ကျန်ဆုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များတွင် ကျင်းပသော နှစ်(၆၀)ပြည့်တပ်မတော်နေ့ အခမ်းအနားများ၌ ဆုများချီးမြှင့်ကြမည်ဖြစ်ကြောင်း သိရသည်။

ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများသည် ကဗျာပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း)(မြင်းမူ မောင်နိုင်မိုး)စာတည်းမှူးချုပ်၊ နိုင်ငံ့ဂုဏ် ရည်စာပေတိုက်၊ အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့သို့ မတ်လ ၂၂ရက်တွင် လူကိုယ်တိုင်လာရောက် သတင်းပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

National Treasure ဇာတ်ကား နေပြည်တော်ရုံဝင်မည်

ပုဂံပြည်မှပန်းနုံ့သာ ဆက်လက်ပြသ

ရန်ကုန် မတ် ၂

ယခုသောကြာပတ်တွင် မြန်မာရုပ်ရှင်ဇာတ်ကားသစ် ရုံဝင်ရန် မရှိဘဲ နိုင်ငံခြားဇာတ်ကားသစ် National Treasure ဇာတ်ကားနေပြည်တော်ရုံ၌ ဝင်ရန် ရှိသည်။

သမ္မတနှင့် သွင်အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ဒါရိုက်တာမောင်မောင်ဦး(စနိုးပိုက်) ရိုက်ကူးပြီး နိုင်းနိုင်း၊ နန္ဒာလှိုင်၊ ချိုပြုံး၊ ဆုပန်ထွာတို့ပါဝင်သရုပ်ဆောင်ထားသော **ပုဂံပြည်မှ ပန်းနုံ့သာ** ဇာတ်ကား ဆက်လက်အောင်ပွဲခံပြသမည်ဖြစ်သည်။

ပုဂံပြည်အလှ၊ ပုဂံသဘာဝကို နောက်ခံပြုရိုက်ကူးထားသော မြန်မာ့ယဉ်ကျေးမှုကို ဖော်ကျူးထားသော ဇာတ်ကားဖြစ်သည်။ ပုဂံမြေမှာမွေး၊ ပုဂံမြေမှာ ကြီးပြင်းလာပြီး ပုဂံကို သောအခါ ကြင်နာခြင်း၊ မြတ်နိုးခြင်း၊ ကြည်နူးခြင်းများနှင့် လွမ်းဆွတ်ခြင်းတို့နှင့်အတူ **ပုဂံပြည်မှ ပန်းနုံ့သာ**ဖြစ်လာတော့သည်။

ဒါရိုက်တာ Jon Turteltaub ရိုက်ကူးပြီး Nicholas Cage, Diane Kruger တို့ပါဝင်သရုပ်ဆောင်ထားသော National Treasure ဇာတ်ကား နေပြည်တော်အဆင့်မြင့်ရုံ၌ ဝင်မည် ဖြစ်သည်။

မင်္ဂလာအဆင့်မြင့်ရုံတွင် ဒါရိုက်တာAntoine Fuqua ရိုက်ကူးပြီး

ရုပ်ရှင်သတင်းထောက်

Clive Owen, Keira Knightley တို့ ပါဝင်သရုပ်ဆောင် ထားသော King Arthur ဇာတ်ကားရုံဝင်လာမည်ဖြစ်သည်။

ရှေ့ဆောင်ရုံတွင်ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်) ရိုက်ကူးပြီး လွင်မိုး၊ ဇာဂနာ၊ မင်းဟိဏ်း၊ သျှားညို၊ အိန္ဒြာကျော်ဇင်၊ မေသဥ္ဇာဦးတို့ ပါဝင်သရုပ် ဆောင်ထားသော **ငိုအားထက်ရယ်အားသန်** ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။

ရွှေဂုန်ရုံမြေညီထပ်တွင် ဒါရိုက်တာခင်မောင်ဦး၊ စိုးသိမ်းထွဋ်ရိုက်ကူးပြီး လွင်မိုး၊ ရာဇာနေဝင်း၊ နန္ဒာလှိုင်တို့ ပါဝင်သရုပ်ဆောင်ထားသော **'ချစ်လူမိုက်'** ဇာတ်ကားပြသမည်ဖြစ်သည်။ ရွှေဂုန်ရုံ အပေါ်ထပ်တွင် ဂျက်ကီရှရော့ဖ်၊ ဆန်နီဒေအိုတို့ ပါဝင်သရုပ်ဆောင်ထားသော Main Tera Dushman ဇာတ်ကား ရုံဝင်မည်။

မြို့မရုပ်ရှင်ရုံတွင် အမီတာဘာဂျန်နှင့် ဆန်ဂျေးဒတ်တို့ ပါဝင်သရုပ်ဆောင်ထားပြီး အချစ်၊ အကြမ်း၊ အလွမ်း ရသစုံပါဝင်သော Hum Ki Si Se Kum Na Hin ဇာတ်ကား ရုံဝင်မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

'ပုဂံပြည်မှ ပန်းနုံ့သာ' ဇာတ်ကားမှ နိုင်းနိုင်း၊ထင်ပေါ်။

မြို့မရုံတွင် တင်ဆက်မည့် Hum Ki Si Se Kum Na Hin **ဇာတ်ကားမှ ဇာတ်ဝင်ခန်း။**

ချစ်သော ပုဂံသားလေးနောင်သခ်ၤ၊ လူငယ်တို့ သဘာဝလွတ်လပ်မှု၊ ဆန်းသစ်မှုနှင့် တိုးတက်မှုတို့ကို အမြဲမျှော်လင့်နေသူလေး။ အနာဂတ်မျှော်လင့်ချက်ခွန်အားအပြည့်ဖြင့် ပုဂံမြေကို ရောက်ရှိလာသူ စောနံ့သာ၊ အမြင်သစ်၊ အတွေးသစ်တို့ကို လက်မခံဘဲ ရှေးရိုးဆန် သဘောထားတင်းမာသူ ဒေါ်သင်းကြိုင် သူတို့သုံးဦး ဆုံတွေ့

မကြာမီ ရုံတင်မည့် 'ကြိုးနှစ်စ' ဇာတ်ကားမှ ဒွေးနှင့်အိန္ဒြာကျော်ဇင်။

ကြိုးနှစ်စဇာတ်ကား မကြာမီရုံဝင်လာမည်

ကမ်းထရီးစတားရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာခင်မောင်ဦး၊ စိုးသိမ်းထွဋ်ရိုက်ကူးပြီး ဒွေး၊ တင့်တင့်ထွန်းနှင့် အိန္ဒြာကျော်ဇင်တို့ ပါဝင်သရုပ်ဆောင်ထားသော **'ကြိုးနှစ်စ'**ဇာတ်ကား မကြာမီရုံဝင်လာမည်ဖြစ်သည်။ အချစ်ရေးကိုမေ့လျော့ပြီး ကြီးပွားချမ်းသာမှုတစ်ခုတည်းကိုဦးတည်ပြီး အလုပ်ကို အချိန်ပြည့်လုပ်တတ်သော ရွှေမန်းသူလေး သန္တာအောင်။ မှန်တယ်ထင်ရင် ဇွတ်လုပ်တတ်တဲ့ မေဥဩ။ ဘယ်အရာကို ဦးစားပေးရွေးချယ်ရမည်ကို ဝေခွဲရခက်နေသော အောင်ဇော်။ ဒီကြိုးနှစ်စမှာ ဘယ်ကြိုးက ချည်နှောင်အားကောင်းတယ်ဆိုတာကို ဒါရိုက်တာခင်မောင်ဦး၊ စိုးသိမ်းထွဋ်က ပီပီပြင်ပြင် ရိုက်ကူးထားသည်။ ။ **(မြန်မာ့အလင်း)**

နွေရာသီအဘိဓမ္မာညဝါ အထူးသင်တန်း ပို့ချမည်

ရန်ကုန် မတ် ၂

ရန်ကုန်မြို့ တာမွေမြို့နယ် အမှတ် ၁၅၊ နတ်မောက်ရိပ်သာလမ်း၊ မျက်စိအထူးကုဆေးရုံအနီးရှိ ဆုထူးပန်စာသင်တိုက်တွင် စတုတ္ထအကြိမ်မြောက် နွေရာသီဆုထူးပန်အဘိဓမ္မာညဝါ ယမိုက်၊ ပဋ္ဌာန်းအထူးသင်တန်းကို ၁၃၆၇ ခုနှစ် တန်ခူးလပြည့်ကျော်၁ရက်မှ နတ်တော်လပြည့်ကျော်၇ရက်အထိ (ဧပြီ ၂၄ရက်မှ မေ၂၉ရက်)အထိ မွန်းလွဲ ၁နာရီတွင် ပဋ္ဌာန်းကျမ်း၊ မွန်းလွဲ၂နာရီတွင် အထက်ယမိုက်ငါးကျမ်း၊ ညနေ ၄နာရီတွင် အောက်ယမိုက်ငါးကျမ်းတို့ကို သင်ကြားပို့ချပေးမည်ဟု သိရသည်။

သင်တန်းသုံး ကျမ်းစာအုပ်များကို အခမဲ့ ဖြန့်ဝေပြီး ဓမ္မဒါနကုသိုလ်အဖြစ် ပို့ချပေးမည်ဖြစ်ရာ ဖုန်း-၀၁-၅၄၅၉၈၀သို့ ဆက်သွယ် တက်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဖေဖော်ဝါရီ၂၅ ရက်က ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာ တိုက်သစ်ရွှေရတု စိန်တိုးကျောင်းဆောင်တော်ကြီး ဆောက်လုပ်ရန်အတွက် မိုးညှင်းယောဂီ ဒေါ်သန်းသန်းဖြူ ဒေါ်ကြည်ကြည်တို့က ငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ အကျိုးတော်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဟုတ်ကြည်က လက်ခံယူစဉ်။ (က-ပ)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ရှင်းလင်းပြောကြား

ရန်ကုန် မတ် ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေးသည် ဖေဖော်ဝါရီ ၂၆ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် တိုင်း၊ ခရိုင်၊ မြို့နယ် အလုပ်အမှုဆောင်များနှင့်အတူ ပန်းတောင်းမြို့နယ် ကွင်းလှကျေးရွာဓမ္မာရုံ၌ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲသို့ တက်ရောက်ပြီး ရပ်မိရပ်ဖများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်နှင့် အသင်းကြီး၏ မူဝါဒများ၊ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အသင်းဝင်အဆိုပြုလွှာများကို လက်ခံယူ၍ ကျေးရွာစာကြည့်တိုက်အတွက်အလှူငွေများကို ပေးအပ်လှူဒါန်းသည်။ ယင်းနောက် တိုင်းအသင်းအတွင်းရေးမှူး ဦးမင်းဟန်က စာအုပ်များ ပေးအပ်လှူဒါန်းသည်။

အလှူငွေပေးအပ်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ကြံခင်းမြို့နယ်အသင်းအလုပ်အမှုဆောင်များနှင့် အတူ မျောက်ချောကုန်းစံပြကျေးရွာပရဟိတကျောင်းသို့ရောက်ရှိပြီး ပရဟိတကျောင်း ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်း ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ရပ်မိရပ်ဖများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ကျောင်းသားများအတွက် အဝတ်အထည်များနှင့် အလှူငွေများကို ဂေဟာမှူး ဦးလှသိန်းထံသို့ ပေးအပ်သည်။ ဆက်လက်၍ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးကာ ကျောင်းသားများအတွက် အလှူငွေကို ကျောင်းအုပ်ဆရာကြီးဦးစိုးလွင်ထံ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနေ့ညနေပိုင်းတွင် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် မြန်အောင်မြို့သို့ရောက်ရှိပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့် အသင်းရုံး၌တွေ့ဆုံ၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ယင်းနောက် ဧရာဝတီမြစ်ကမ်းပါး တိုက်စားမှုနှင့် ကန်ဇွန်းခုံလျှပ်စစ်မြစ်ရေတင်စီမံကိန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းပေး

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၂၇ရက် နံနက်ပိုင်းတွင် မြန်အောင်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ပြုပြင်တည်ဆောက်လျက်ရှိသော မန်ကျည်းကွင်းကျေးရွာ မူလတန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နွေရာသီ ရေကူးသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၂

အားကစားနှင့်ကာယပညာဦးစီးဌာန ရန်ကုန်ရေကူးအသင်း၏ ၂၀၀၅ ခုနှစ် နွေရာသီအထူးရေကူးသင်တန်းကို ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်၌ မတ်လဆန်းမှစ၍ သင်တန်းကာလ ရက်သတ္တခြောက်ပတ် ဖွင့်လှစ်မည်ဖြစ်သည်။

နံနက်ပိုင်း ၇နာရီခွဲမှ၉နာရီအထိ အမျိုးသမီးနှင့် နံနက်၈နာရီခွဲမှ၁၀နာရီအထိ အမျိုးသား၊ ညနေပိုင်းတွင် မွန်းလွဲ ၂နာရီမှ ညနေ ၃ နာရီခွဲအထိ အမျိုးသား၊ ညနေ၃နာရီမှ၄နာရီအထိ အမျိုးသမီးဟု ခွဲခြားထားပြီး အမျိုးသမီးများကို နည်းပြဆရာမအဖြစ် သီးသန့်သင်ကြားပေးမည်ဖြစ်သည်။

နိုင်ငံ့လက်ရွေးစင် ရေကူးသမားများကို လေ့ကျင့်ပေးသော နည်းပြဆရာများက ကြီးကြပ်၍ အနည်းဆုံး နည်းနှစ်မျိုး တတ်မြောက်အောင် သင်ပေးမည်။ ငယ်ရွယ်သူများအတွက် ကလေးရေကူးကန်ရှိပြီး သင်တန်းတွင် ထူးချွန်သောကလေးများအား နိုင်ငံ့ဂုဏ်ဆောင် ရေကူးသမားများဖြစ်သည်အထိ အသင်းမှ တာဝန်ယူ လေ့ကျင့်ပေးသွားမည်ဖြစ်သည်။

အသေးစိတ်သိလိုပါက ရန်ကုန်ရေကူးအသင်း အမျိုးသားရေကူးကန် ဖုန်း-၃၇၈၅၅၀သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ မြို့တော်ဂေါက်ကွင်း၌ ဗိုလ်လုပွဲစဉ်ကျင်းပမည်

ရန်ကုန် မတ် ၂

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်၏ကြီးကြပ်မှုဖြင့် International Beverages Trading Co., Ltd. နှင့် HAN Event Management တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၀၄-၂၀၀၅ခုနှစ် ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ်ဂေါက်သီးရိုက်ပြိုင်ပွဲ(Grand Royal Special Reserve Golf Championship 2004-2005)၏ နောက်ဆုံးဗိုလ်လုပွဲစဉ်ကို မတ်၅ရက်နှင့် ၆ရက်တို့တွင် ရန်ကုန်မြို့ မြို့တော်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပထမပွဲစဉ်(ရန်ကုန်)မှ အကောင်းဆုံးဂေါက်သီးရိုက်အားကစားသမားလေးဦးဖြစ်သည့် ဦးဇော်မင်းအေး၊ ဦးကျော်ဆန်းလွင်၊ ဦးသိန်းလင်းထွဋ်နှင့် ဦးအုန်းရွှေ၊ ဒုတိယပွဲစဉ်(မန္တလေး)မှအကောင်းဆုံး ဂေါက်သီးရိုက် အားကစားသမားလေးဦးဖြစ်သည့် ဦးအေးကို၊ ဦးစိုင်းကြူ၊ ဦးတေဇာလင်းနှင့်ဦးမောင်ညို၊ တတိယပွဲစဉ်(လားရှိုး)မှအကောင်းဆုံး ဂေါက်သီးရိုက်အားကစားသမားလေးဦးဖြစ်သည့် ဦးစိုးမိုးအောင်၊ ဦးလောစူး၊ ဦးစိုင်းဟန်းလှိုင်နှင့် ဦးသားကြီး၊ စတုတ္ထပွဲစဉ်(မြိတ်)မှ အကောင်းဆုံး ဂေါက်သီးရိုက် အားကစားသမားလေးဦးဖြစ်သည့် ဦးကျော်ဟိန်း၊ ဦးအောင်သန်း၊ ဦးဝင်းသိန်းနှင့် ဦးဆန်းကိုတို့ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိကြမည်ဖြစ်သည်။

ပြိုင်ပွဲကို Match Play ပုံစံဖြင့် ဒေသန္တရစည်းမျဉ်းဥပဒေများအတိုင်း လိုက်နာကျင့်သုံးပြီး ကျင်းပသွားမည်ဖြစ်သည်။ မတ်၆ရက်တွင် နောက်ဆုံးဗိုလ်လုပွဲစဉ်နှင့်အတူ မြန်မာနိုင်ငံမှ နာမည်ကြီး ကြေးစားဂေါက်သီးရိုက်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည့် Pro-Am ပွဲစဉ်ကိုလည်း အထူးအစီအစဉ်အဖြစ် ကျင်းပသွားမည်ဖြစ်သည်။

ချီးမြှင့်မည်

Grand Royal Special Reserve Golf Championship နောက်ဆုံး ဗိုလ်လုပွဲစဉ်အပြီးတွင် ဆုများချီးမြှင့်မည်ဖြစ်ရာ ပထမဆုအဖြစ် ငွေကျပ်ငါးသိန်းတန် ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ်ရွှေပြားဆုတံဆိပ်၊ ဒုတိယဆုအဖြစ် ငွေကျပ်သုံးသိန်းတန်ရေခဲသေတ္တာနှင့်တတိယဆုအဖြစ် ငွေကျပ်နှစ်သိန်းတန်အဝတ်လျှော်စက်တို့ကို ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲကို Co-sponsors များဖြစ်ကြသော Air Mandalay, Popa Aqua, Crusher Club Soda, Ping(Pan Dagon Int'l Ltd.)နှင့် Traders Hotel တို့က ဝိုင်းဝန်းကူညီပံ့ပိုးပေးကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဖေဖော်ဝါရီ၂၈ရက်က ပုဇွန်တောင်မြို့နယ် အမှတ်(၃)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး သုတဥယျာဉ်စာကြည့်တိုက်ဖွင့်ပွဲကို ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဆောက်အအုံတွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စိုး၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ခင်ညိမ်းနှင့် အမှတ်(၃)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ခင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကမ္ဘာတစ်လွှား အားကစား

အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ

အာဆင်နယ်၊ဆောက်သမ်ပတန်နှင့်ဘလက်ဘန်း ကွာတားရောက်

လန်ဒန် မတ် ၂

ပရီမီယာလိဂ်အသင်းများဖြစ်သည့် အာဆင်နယ်၊ ဆောက်သမ်ပတန်နှင့်ဘလက်ဘန်းတို့သည် အောက်တန်းအသင်းပြိုင်ဘက်များကို အင်္ဂါနေ့က ယှဉ်ပြိုင်အနိုင်ရကြပြီး အက်ဖ်အေဖလားကွာတားဖိုင်နယ်သို့ ရောက်ရှိသွားကြပြီ ဖြစ်သည်။

အာဆင်နယ်အသင်းနှင့် ရှက်ဖီးလ်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်နှင့်တစ်ဖက်ဂိုးမသွင်းနိုင်၍ အချိန်ပိုဆက်ကစားခဲ့ကြသည်။ အချိန်ပိုတွင်လည်း ဂိုးမသွင်းနိုင်ကြ၍ ပယ်နယ်တီကန်သွင်းကြရာ အာဆင်နယ်အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဆောက်သမ်ပတန်အသင်းနှင့် ဘရက်ဖို့ဒ်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဆောက်သမ်ပတန်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆောက်သမ်ပတန်အသင်း တိုက်စစ်မှူး ပီတာခရောင့်ချ်က ဆောက်သမ်ပတန်အသင်းအတွက် နှစ်ဂိုး၊ ကယ်ဗင်ဖီးလ်လစ်က တစ်ဂိုး သွင်းပေးခဲ့ကြသည်။

ဘလက်ဘန်းအသင်းနှင့် ဘန်လီအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဘလက်ဘန်းအသင်းက နှစ်ဂိုး-တစ်ဂိုး ဖြင့်အနိုင်ရရှိခဲ့သည်။ ဘလက်ဘန်းအသင်းအတွက် တူဂေးက ၃၁မိနစ်တွင် တစ်ဂိုးသွင်းထားပြီး ဘန်လီအသင်းအတွက် မီကက်ဟိုက်ဒီက ၄၂မိနစ်၌ ချေပဂိုးသွင်းပြီးနောက် ဘလက်ဘန်းအသင်းအတွက် အနိုင်ဂိုးကို မော်တန်ဂိန့်ပက်ဒါဆင်က သွင်းယူပေးခဲ့သည်။

ကွာတားဖိုင်နယ်ပွဲစဉ်များကို မတ်၁၂ရက် သို့မဟုတ် ၁၃ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ ဆောက်သမ်ပတန်အသင်းသည် ချန်ပီယံ မန်ချက်စတာယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အာဆင်နယ်အသင်းက ဘော်လတန်အသင်းနှင့်ကစားရမည်ဖြစ်ပြီး ဘလက်ဘန်းအသင်းက လက်ဆက်စတာစီးတီးအသင်းနှင့် ကစားရမည်ဖြစ်သည်။

နယူးကာဆယ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့ပွဲစဉ်တွင် ကလိုင်းဘတ်၏ တစ်လုံးတည်းသောဂိုးဖြင့် နယူးကာဆယ်အသင်းက အနိုင်ရရှိခဲ့သည်။ **ရိုက်တာ။**

အာဆင်နယ်အသင်းနှင့် ရှက်ဖီးလ်အသင်းတို့ပွဲတွင် ရှက်ဖီးလ်အသင်းမှ အင်တီဂရေး(လယ်)၏ ထိုးဖောက်မှုကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စပိန်လာလီဂါဘောလုံးပွဲ ဆက်လက်ယှဉ်ပြိုင် နာမည်ကြီးဘာစီလိုနာနှင့်အက်စ်ပန်းညိုတို့ သရေကျ

မက်ဒရစ် မတ် ၂

စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ တန်းစီဇယားထိပ်တွင်ရှိနေသော ဘာစီလိုနာအသင်းကို အက်စ်ပန်ညိုအသင်းက နူကမ့်ကွင်းတွင် အင်္ဂါနေ့က ဂိုးမရှိသရေကျခဲ့သဖြင့် နာမည်ကြီး ဘာစီလိုနာတို့ တစ်မှတ်နှင့် သာ ကျေနပ်ခဲ့ရသည်။

ဖိကစား

ဘာစီလိုနာအသင်းက အက်စ်ပန်းညိုအသင်းကို ပွဲချိန်အတော်များများ ဖိကစားနိုင်သော်လည်း အက်စ်ပန်းညိုအသင်း ဂိုးသမား ကာမီနီ ကာကွယ်နိုင်မှုကြောင့် ဘာစီလိုနာအသင်း ဂိုးမရခဲ့ခြင်း ဖြစ်သည်။

ဘာစီလိုနာအသင်း၏ တိုက်စစ်မှူးတစ်ဦးဖြစ်ပြီး လာလီဂါတွင် ဂိုးအများဆုံးသွင်းထားသူ ဆမ်မြူရယ်အီတူးအနေဖြင့် ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း အခွင့်အရေးကို အပြည့်အဝအသုံးမချနိုင်ဘဲ ဖြစ်ခဲ့ရသည်။

အက်စ်ပန်းညိုအသင်းက နောက်တန်းတွင် နောက်ခံလူငါးဦး ထားပြီး ဘာစီလိုနာ၏ တိုက်စစ်မှူးများ ထိုးဖောက်ကစားမှုကို ဟန့်တားကာကွယ်ကစားသွားခဲ့ရာ ပွဲချိန် ပထမပိုင်း၌ပင် ဘာစီလိုနာနည်းပြ ဖရင့်ရစ်ကတ်က နည်းဗျူဟာ ပြောင်းလဲကစားခဲ့သည်။

သရေပွဲ

ဘာစီလိုနာတိုက်စစ်မှူး လိုပက်ဇ်နှင့် ကွင်းလယ်ကစားသမား ဂီရက်လိုပက်တို့ကို ထုတ်ပြီး ဂျူလီယာဒိုဘီလ် လက်တီနှင့် အင်ဒရက်စ်စအင်နီစတာတို့နှင့်အစားထိုးကာ အက်စ်ပန်းညိုအသင်းကိုထိုးဖောက်ကစားခဲ့သော်လည်း ဂိုးမရဘဲ သရေဖြစ်ခဲ့ရခြင်း ဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု ဘောဂဗေဒဘာသာ သင်ခန်းစာများကို ဆက်လက်ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ

ဘောဂဗေဒဘာသာ သိကောင်းစရာ

တက္ကသိုလ်ဝင်တန်း ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာတွင် အပိုင်း(က)နှင့် အပိုင်း(ခ)ဟူ၍ အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)သည် ဓမ္မဓိဋ္ဌာန်မေးခွန်းပိုင်းဖြစ်၍ ကျောင်းသားတိုင်း မဖြေမနေရ ဖြေဆိုရမည့် မေးခွန်းများဖြစ်ပါသည်။ ဤအပိုင်းတွင် မေးခွန်းအမှတ်(၁)နှင့် (၂)ပါဝင်ပါသည်။

တစ်ဖန် မေးခွန်းအမှတ်(၁)တွင် အပိုင်း(က)နှင့်(ခ)ပါရှိပါသည်။ အပိုင်း(က)မှာ (မှား/မှန်)ဟု ရေးသားဖြေဆိုရမည့် မေးခွန်း(၁၀)ပုဒ်ပါဝင်လျက် အပိုင်း(ခ)တွင် ကွက်လပ်များ၌ စကားလုံး(သို့)စကားစုများကို မှန်ကန်စွာ ဖြည့်စွက်ပေးရမည့် မေးခွန်း(၁၀)ပုဒ် ပါဝင်ပါသည်။

ထို့ကြောင့် မေးခွန်း(၁)တွင် မေးခွန်း စုစုပေါင်း(၂၀)ပါဝင်ပြီး တစ်ပုဒ်လျှင် တစ်မှတ်ဖြင့် စုစုပေါင်း အမှတ်(၂၀) သတ်မှတ်ထားပါသည်။

မေးခွန်းအမှတ်(၂)တွင် ဘောဂဗေဒဘာသာရပ်ဆိုင်ရာ ဝေါဟာရများ ဖော်ပြထားပြီး ယင်းတို့အနက်မှ နှစ်သက်ရာ(၁၀)ခု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ ဖော်ပြရမည် ဖြစ်ပါသည်။ အဓိပ္ပာယ်သတ်မှတ်ချက်တစ်ပုဒ်လျှင် (၂)မှတ်ဖြင့် စုစုပေါင်းရမှတ်မှာ (၂၀)ဖြစ်ပါသည်။ ထို့ကြောင့် မေးခွန်းလွှာ၏ အပိုင်း(က)ဖြင့်ပင် အောင်မှတ်ရနိုင်ပါသည်။

မေးခွန်းလွှာ၏ အပိုင်း(ခ)တွင် မှတ်စုတို (၄)ပုဒ်နှင့် အပုဒ်ရှည်မေးခွန်းတစ်ပုဒ်စီ မေးထားသည့် မေးခွန်းအမှတ်(၃)၊(၄)နှင့် (၅)အပြင် တွက်ချက်သုံးသပ်ဖြေဆိုရမည့် မေးခွန်းအမှတ်(၆) ပါဝင်ပါသည်။ မေးခွန်း(၄)ပုဒ်အနက်မှ နှစ်သက်ရာ (၃)ပုဒ်ကို ရွေးချယ်ဖြေဆိုရပါမည်။

မေးခွန်းအမှတ်(၃)၊(၄)နှင့်(၅)တွင် မှတ်စုတို(၄)ပုဒ်အနက်မှ နှစ်သက်ရာ(၂)ပုဒ်ကိုသော်လည်းကောင်း၊ သို့တည်းမဟုတ် မေးခွန်းအပုဒ်ရှည်ကိုသော်လည်းကောင်း ဖြေဆိုရပါမည်။

မေးခွန်းအမှတ် (၆)မှာ တွက်ချက် သုံးသပ်ဖြေဆိုရမည့် မေးခွန်း (data response question) ဖြစ်ပါသည်။

မေးခွန်းပုံစံကို ဖော်ပြပြီးနောက် မေးခွန်းများကို မည်သို့ဖြေဆိုရမည်ကို ဆက်လက်ဖော်ပြပါမည်။

မေးခွန်းအမှတ်(၁)တွင် နှစ်စဉ်နှစ်တိုင်း သင်ရိုးစာအုပ်၏ အခန်းအားလုံးကို ခြုံငုံမိအောင် မေးထားကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ဤမေးခွန်းကို အမှတ်ပြည့်ရနိုင်ရန် သင်ရိုးစာအုပ်ရှိ အခန်းတိုင်းကို ကျေညက်စွာ သဘောပေါက်အောင် ဖတ်ရှုပြီး ကျက်မှတ်ထားရမည် ဖြစ်ပါသည်။

မေးခွန်းအမှတ်(၂) ဘောဂဗေဒ ဝေါဟာရများ၏ အဓိပ္ပာယ်သတ်မှတ်ချက်များကို ဖြေဆိုရာတွင် စကားလုံး တိတိကျကျဖြင့် အပိုအလိုမရှိအောင် ရေးသားဖော်ပြရမည်ကို သတိပြုရပါမည်။ ဝေါဟာရများ၏ အဓိပ္ပာယ် သတ်မှတ်ချက် (definition)များကို လွယ်လင့်တကူ မှတ်မိနိုင်စေရန်အတွက် ယင်းဝေါဟာရများ၏ သဘောတရားများကို ဦးစွာနားလည်သဘောပေါက်အောင် လေ့လာရန် လိုအပ်ပါသည်။

မေးခွန်းလွှာအပိုင်း(ခ)ရှိ မေးခွန်းများ ဖြေဆိုသည့်အခါတွင်လည်း သက်ဆိုင်ရာ ဘောဂဗေဒ ဝေါဟာရများ၏ အဓိပ္ပာယ်သတ်မှတ်ချက်များကို ဖော်ပြလျှင် အမှတ်ကောင်းရနိုင်ပါသည်။

မေးခွန်းအမှတ်(၆) တွက်ချက် သုံးသပ်ဖြေဆိုရမည့် မေးခွန်း (data response question) ကို သင်ရိုးစာအုပ်၏ အခန်းတိုင်းမှ ထုတ်နုတ်မေးနိုင်ပါသည်။ အခန်းလိုက် မေးတတ်သည့် (data response question) ပုံစံများကို ဆက်လက်၍ ဖော်ပြပါမည်။

အခန်း(၁) အင်အားစုခွဲဝေမှုပြဿနာနှင့် ဈေးကွက်စီးပွားရေးစနစ် အပိုင်းတွင် ထုတ်လုပ်နိုင်မှုအခြေပြ ဇယားကို ဖော်ပြလျက် ထုတ်လုပ်နိုင်မှုအခြေပြ မျဉ်းကွေးကိုရေးဆွဲစေပြီး ကုန်စည်(၂)မျိုးအနက်မှ ကုန်စည်တစ်မျိုး၏ အခွင့်အလမ်းစရိတ်ကို တွက်ချက်ခိုင်းနိုင်သည့်အပြင် ထုတ်လုပ်နိုင်မှုအခြေပြ မျဉ်းကွေး၏ လက္ခဏာရပ်များနှင့် ယင်းမျဉ်းကွေးက ဖော်ပြသည့် အရေးကြီးသော ဘောဂဗေဒဘာသာရပ်ဆိုင်ရာ သဘောတရားများကိုပါ မေးနိုင်ပါသည်။

အခန်း(၂) ဝယ်လိုအားနှင့် ရောင်းလိုအားဆန်းစစ်မှု အခန်းတွင် မေးနိုင်သည့် မေးခွန်းပုံစံမှာ များပါသည်။

ပထမပုံစံမှာ ပေးထားသည့် ဝယ်လိုအား(သို့)ရောင်းလိုအားဇယားမှ သက်ဆိုင်ရာမျဉ်းကွေးများကို ရေးဆွဲစေပြီး ဝယ်လိုအား(သို့)ရောင်းလိုအား အလျော့အတင်းကိုလည်း တွက်ချက်သုံးသပ် ခိုင်းနိုင်ပါသည်။ ဝယ်လိုအားနှင့် ရောင်းလိုအား မျဉ်းကွေးများ ရေးဆွဲသည့်အခါ ဒေါင်လိုက်ဝင်ရိုးတွင် ဈေးနှုန်းကိုလည်းကောင်း၊ အလျားလိုက်ဝင်ရိုးတွင် ကုန်စည်အရေအတွက်ကိုလည်းကောင်း ဖော်ပြရန် အရေးကြီးပါသည်။

ဝယ်လိုအား၊ ရောင်းလိုအား အလျော့အတင်း မြှောက်ဖော်ကိန်း တန်ဖိုးမှာ (၁)ထက်များလျှင် အလျော့အတင်းများသည်။ (၁)ထက်နည်းလျှင် အလျော့အတင်းနည်းသည် စသည်ဖြင့် သုံးသပ်ရပါမည်။

ဒုတိယမေးခွန်းပုံစံမှာ ပေးထားသည့် ဝယ်လိုအားနှင့် ရောင်းလိုအားဇယားမှ ဝယ်လိုအားနှင့် ရောင်းလိုအား မျဉ်းကွေးများရေးဆွဲ၍ အားမျှဈေးနှုန်းနှင့် အားမျှကုန်စည်အရေအတွက်တို့ကို ညွှန်ပြခိုင်းနိုင်ပါသည်။

ဝယ်လိုအားမျဉ်းကွေးနှင့် ရောင်းလိုအားမျဉ်းကွေးဖြတ်သည့်အမှတ်သည် အားမျှခြေအမှတ်ဖြစ်ပြီး ယင်းအမှတ်နှင့်တည့်တည့် ဈေးနှုန်းဝင်ရိုးပေါ်ရှိ ဈေးနှုန်းမှာ အားမျှဈေးနှုန်းဖြစ်ပြီး၊ အားမျှအမှတ်အောက်တည့်တည့်ရှိ အရေအတွက်မှာ အားမျှကုန်စည်အရေအတွက်ဖြစ်ကြောင်း ညွှန်ပြရပါမည်။

အားမျှဈေးနှုန်းအထက်ရှိ ဈေးနှုန်းတွင်လည်းကောင်း၊ ယင်းဈေးနှုန်းအောက်ရှိ ဈေးနှုန်းတွင်လည်းကောင်း၊ ဈေးကွက်ထဲတွင် မည်သည့်အခြေအနေပေါ်ပေါက်မည်နည်းဟူ၍လည်း ပူးတွဲ၍ မေးတတ်ပါသည်။

အားမျှဈေးနှုန်းအထက်(အောက်)ရှိ ဈေးနှုန်းတွင် ရောင်းလိုအားပိုလျှံမှု(ဝယ်လိုအားပိုလျှံမှု)ရှိကြောင်းကို ပုံတွင်ရေးဆွဲ၍ ညွှန်ပြရမည်ဖြစ်ပါသည်။

တတိယမေးခွန်းပုံစံမှာ ဖြစ်ရပ်များကို ဖော်ပြထားပြီး ယင်းဖြစ်ရပ်များသည် သက်ဆိုင်ရာကုန်စည်၏ ဈေးကွက်ပေါ်တွင် မည်သို့အကျိုးသက်ရောက်စေနိုင်ကြောင်းကို ပုံများဖြင့် ဆန်းစစ်စေခြင်း ဖြစ်ပါသည်။

ဤမေးခွန်းပုံစံကို ဖြေဆိုရာတွင် ဖြစ်ရပ်တစ်ခုခြင်းသည် ဝယ်လိုအားနှင့်သက်ဆိုင်သည်လော (သို့) ရောင်းလိုအားနှင့်သက်ဆိုင်သည်လောဆိုသည်ကို ဦးစွာစဉ်းစားပြီးနောက် ဝယ်လိုအား(ရောင်းလိုအား)ကို တိုးစေသလော (သို့) လျော့စေသလောဟူ၍ သုံးသပ်ပြီး ဝယ်လိုအားနှင့်ရောင်းလိုအားမျဉ်းကွေးများရေးဆွဲကာ ဆန်းစစ်ပြရပါမည်။

စတုတ္ထမေးခွန်းပုံစံမှာ ဝယ်လိုအား(ရောင်းလိုအား)ဇယားမှ ဝယ်လိုအား အလျော့အတင်း (ရောင်းလိုအား အလျော့အတင်း)ကို တွက်ချက်သုံးသပ်ရမည်ဖြစ်ပါသည်။

စားသုံးသူ၏ ဝင်ငွေအဆင့်များနှင့် ယင်းအဆင့်အသီးသီးတွင် ဝယ်ယူသည့်ကုန်စည်အရေအတွက်များကို ဖော်ပြပြီး ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်းကိုလည်း တွက်ချက်သုံးသပ်စေနိုင်ပါသည်။

ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်းမြှောက်ဖော်ကိန်းသည် အနုတ်လက္ခဏာဆောင်လျှင် ကုန်စည်သည် ကုန်ညံ့ဖြစ်ကြောင်း၊ ယင်း တန်ဖိုးသည် အပေါင်းလက္ခဏာဆောင်လျှင် သာမန်ကုန်စည်ဖြစ်ကြောင်းနှင့် မြှောက်ဖော် ကိန်းမှာ သုညတန်ဖိုးဖြစ်လျှင် ကုန်စည်သည် မရှိမဖြစ်ကုန်စည်ဖြစ်ကြောင်း သုံးသပ်ရပါမည်။

တစ်ဖန် ကုန်စည်နှစ်မျိုး ဥပမာ ကုန်စည်(X)နှင့်ကုန်စည်(Y)တွင် ကုန်စည် (Y)၏ဈေးနှုန်းများ (Py) နှင့် ယင်းဈေးနှုန်းအဆင့်အသီးသီးတွင် ဝယ်ယူမည့်ကုန်စည် (X)အရေအတွက်များ(Q_{Dx})ကို ဖော်ပြထားပြီး ကုန်စည်(X)နှင့်ကုန်စည်(Y)တို့၏ အပြန်အလှန်အလျော့အတင်းကို သုံးသပ်ခိုင်းနိုင်ပါသည်။

ဝယ်လိုအား၏ အပြန်အလှန် အလျော့အတင်းမြှောက်ဖော်ကိန်းသည် အပေါင်းလက္ခဏာဆောင်လျှင် ကုန်စည်(X)နှင့်(Y)တို့မှာ အစားထိုးကုန်စည်များဖြစ်ကြောင်း၊ အနုတ်လက္ခဏာဆောင်လျှင် ယင်းတို့မှာ တွဲဖက်ကုန်စည်များဖြစ်ကြောင်းနှင့် ဝယ်လိုအား၏ အပြန်အလှန် အလျော့အတင်းမြှောက်ဖော်ကိန်းသည် သုညတန်ဖိုးဖြစ်ပါက (X)နှင့်(Y)တို့သည် ဆက်စပ်မှုမရှိသည့်ကုန်စည်များဖြစ်ကြောင်း သုံးသပ်ပေးရမည်။

အခန်း(၃) တိုင်းပြည်ဝင်ငွေ အပိုင်းတွင် တိုင်းပြည်ဝင်ငွေ ကိန်းဂဏန်းများကို ဖော်ပြထားပြီး- (က) စုစုပေါင်း ပြည်တွင်းထုတ်ကုန် (GDP)၊ (ခ) စုစုပေါင်းတိုင်းပြည်ထုတ်ကုန်(GNP)နှင့် (ဂ) အသားတင်တိုင်းပြည်ထုတ်ကုန် (NNP)(သို့) တိုင်းပြည်ဝင်ငွေကို တွက်ချက်ခိုင်းနိုင်ပါသည်။

တိုင်းပြည်ဝင်ငွေကို ကုန်တွက်နည်းအရ မေးခဲ့ပါက (၁)ကုန်ပစ္စည်းထုတ်လုပ်မှုတန်ဖိုး၊ (၂) ဝန်ဆောင်မှုတန်ဖိုး၊ (၃) ကုန်သွယ်မှုတန်ဖိုး၊ (၄)နိုင်ငံခြားသို့ အသားတင်ပေးရသောဝင်ငွေနှင့် (၅) ပြုန်းတီးမှုတန်ဖိုးများကို ပေးထားမည်ဖြစ်သည်။ တွက်ချက်ပုံမှာ -

(က) စုစုပေါင်း ပြည်တွင်းထုတ်ကုန် = (၁)+(၂)+(၃)

(ခ) စုစုပေါင်း တိုင်းပြည်ထုတ်ကုန် = စုစုပေါင်း ပြည်တွင်းထုတ်ကုန် - (၄)

(ဂ) အသားတင်တိုင်းပြည်ထုတ်ကုန် = စုစုပေါင်း တိုင်းပြည်ထုတ်ကုန် - (၅) ဖြစ်ပါသည်။

ကုန်တွက်နည်းကိုပင် မေးနိုင်သည့်ပုံစံ တစ်မျိုးမှာ-(၁) စုစုပေါင်းပြည်တွင်းထုတ်ကုန် (အင်အားစုအခငွေဈေးနှုန်း)၊ (၂)အခွန်အကောက်၊ (၃)ထောက်ပံ့ကြေး၊ (၄)နိုင်ငံခြားသို့ အသားတင်ပေးရသောဝင်ငွေနှင့် (၅) ပြုန်းတီးမှုတန်ဖိုးများ ပေးထားပြီး (က)စုစုပေါင်းပြည်တွင်းထုတ်ကုန် (ဈေးကွက်ပေါက်ဈေး) (ခ)စုစုပေါင်း တိုင်းပြည်ထုတ်ကုန်နှင့် (ဂ)အသားတင် တိုင်းပြည်ထုတ်ကုန်တို့ကို တွက်ချက်စေပါသည်။ တွက်ချက်ပုံမှာ-

(က) စုစုပေါင်းပြည်တွင်းထုတ်ကုန် (ဈေးကွက်ပေါက်ဈေး)=(၁)+(၂)-(၃)

(ခ) စုစုပေါင်းတိုင်းပြည်ထုတ်ကုန်=စုစုပေါင်းပြည်တွင်းထုတ်ကုန် (ဈေးကွက်ပေါက်ဈေး)-(၄)

(ဂ) အသားတင် တိုင်းပြည်ထုတ်ကုန်=စုစုပေါင်း တိုင်းပြည်ထုတ်ကုန်-(၅)

ဟူ၍ဖြစ်ပါသည်။

အသုံးစရိတ်နည်းဖြင့် တိုင်းပြည်ဝင်ငွေတွက်ချက်စေလိုလျှင်-(၁)စားသုံးမှုတန်ဖိုး၊ (၂)ရင်းနှီးမြှုပ်နှံမှုတန်ဖိုး၊ (၃)အစိုးရအသုံးစရိတ်၊ (၄)ပို့ကုန်တန်ဖိုး၊ (၅)သွင်းကုန်တန်ဖိုး၊ (၆)နိုင်ငံခြားသို့ အသားတင်ပေးရသောဝင်ငွေနှင့် (၇)ပြုန်းတီးမှုတန်ဖိုးတို့ကို ပေးထားပြီး (က)စုစုပေါင်းပြည်တွင်းထုတ်ကုန်၊ (ခ)စုစုပေါင်းတိုင်းပြည်ထုတ်ကုန်နှင့် (ဂ)အသားတင် တိုင်းပြည်ထုတ်ကုန်တို့ကို တွက်ချက်ခိုင်းတတ်ပါသည်။ ထိုအခါ အောက်ပါအတိုင်း တွက်ချက်ရပါမည်-

(က) စုစုပေါင်းပြည်တွင်းထုတ်ကုန်=(၁)+(၂)+(၃)+(၄)-(၅)

(ခ) စုစုပေါင်းတိုင်းပြည်ထုတ်ကုန်=စုစုပေါင်းပြည်တွင်းထုတ်ကုန်-(၆)

(ဂ) အသားတင်တိုင်းပြည်ထုတ်ကုန်=စုစုပေါင်းတိုင်းပြည်ထုတ်ကုန်-(၇) ဟူ၍ တွက်ချက်ရပါမည်။

အခန်း(၄)ငွေကြေးနှင့် ဘဏ်လုပ်ငန်းအပိုင်းကို မေးခွန်းပုံစံ(၂)မျိုးဖြင့် မေးနိုင်ပါသည်။ ပထမပုံစံမှာ ဥပမာ ၁၉၈၆ ခုနှစ်အား အခြေခံနှစ်အဖြစ်ထားရှိ၍ တွက်ချက်ထားသည့် ဈေးဆနှုန်းကိန်းများမှာ ၁၉၉၂ ခုနှစ်အတွက် (၅၄၈)ဖြစ်ပြီး၊ ၁၉၉၃ ခုနှစ်အတွက် (၇၉၅)ဖြစ်ပါက

(က) ၁၉၈၆ နှင့်နှိုင်းယှဉ်လျှင် ၁၉၉၂ခုနှစ်နှင့် ၁၉၉၃ခုနှစ်အတွက်စားသုံးသူများ၏ အထွေထွေဈေးဆနှုန်းအဆင့်မည်သို့ ပြောင်းလဲမည်နည်း။

(ခ) ၁၉၉၃ ခုနှစ်တွင် ၁၉၉၂ ခုနှစ်နှင့် နှိုင်းယှဉ် စားသုံးသူများ၏ အထွေထွေဈေးနှုန်းအဆင့်မည်သို့ ပြောင်းလဲမည်နည်း။ ငွေကြေးတန်ဖိုးမည်သို့ ပြောင်းလဲမည်နည်း။

အဖြေမှာ-

(က) ၁၉၈၆ ခုနှစ်(အခြေခံနှစ်)ဈေးဆနှုန်းကိန်းမှာ (၁၀၀)ဖြစ်သည်။

ထို့ကြောင့် ၁၉၈၆ခုနှစ်နှိုင်းယှဉ်လျှင် ၁၉၉၂ ခုနှစ်၏ အထွေထွေဈေးဆနှုန်းကိန်းသည် ၄၄၈ ရာခိုင်နှုန်း (၄ဆခွဲ) တက်သွားပြီး၊ ၁၉၉၃ခုနှစ်တွင် ၆၉၅ ရာခိုင်နှုန်း (၇ ဆခန့်)တက်သွားပါသည်။

(ခ) ၁၉၉၂ ဈေးဆနှုန်းကိန်း=(၅၄၈)

၁၉၉၃ ဈေးဆနှုန်းကိန်း=(၇၉၅)

ထို့ကြောင့်

$$\text{ဈေးဆနှုန်းကိန်းတိုးနှုန်း} = \frac{၇၉၅ - ၅၄၈}{၅၄၈} = ၂၆.၀၈\%$$

ဖြစ်သည်။ ၁၉၉၃ ခုနှစ်တွင် ၁၉၉၂ ခုနှစ်ထက် အထွေထွေဈေးနှုန်းအဆင့် ၂၆ရာခိုင်နှုန်းခန့် တက်သွားပါသည်။ ထို့ကြောင့် ငွေကြေးတန်ဖိုးမှာ ၂၆ ရာခိုင်နှုန်းခန့် ကျဆင်းသွားပါသည်ဟုဖြေဆိုရပါမည်။

အခန်း(၄)တွင် မေးနိုင်သည့် ဒုတိယမေးခွန်းပုံစံမှာ-

(၁) ပြည်သူလူထုနှင့် ဘဏ်မဟုတ်သည့်အဖွဲ့အစည်းများ၏ လက်ဝယ်ရှိ ဘဏ်ငွေစက္ကူနှင့်အကြွေများ၊

(၂) စာရင်းရှင်အပ်ငွေတန်ဖိုး၊ (၃) အချိန်ဆိုင်းအပ်ငွေတန်ဖိုးနှင့်(၄) ငွေစုစာချုပ်တန်ဖိုးများပေးထားပြီးငွေကြေးပမာဏ M_1, M_2နှင့် M_3ကိုတွက်ခိုင်းနိုင်ပါသည်။ တွက်ချက်ပုံမှာ

M_1=(၁)+ (၂) M_2=M_1+ (၃) နှင့်

M_3=M_2+ (၄) ဟူ၍ဖြစ်ပါသည်။

အခန်း(၅)ပြည်သူ့ဘဏ္ဍာရေး အပိုင်းတွင် စားသုံးသူ၏ ဝင်ငွေအဆင့်(၂)ဆင့်နှင့် ဤအဆင့် အသီးသီးတွင် ကောက်ခံခဲ့သည့် အခွန်ပမာဏများကို ဖော်ပြထားပြီး အခွန်စည်းကြပ်မှုပုံသဏ္ဍာန် မည်သို့ဖြစ်ကြောင်းကို သုံးသပ်ခိုင်းနိုင်ပါသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

ချောက်မြို့နယ်တွင် ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့် ငွေကျပ် ၁၉သိန်းကျော် အကုန်အကျခံ တည်ဆောက်ခဲ့

ချောက် ဖေဖော်ဝါရီ ၂၅

ချောက်မြို့နယ် မြေစွန်းကျေးရွာအုပ်စု နလင်ကန်(အနောက်)ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ရက် နံနက် ၉နာရီက အဆိုပါကျေးလက်ကျန်းမာရေးဌာနခွဲတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးသီဟနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး မြို့နယ်ဆရာဝန်ဒေါက်တာ နေဝင်းတို့က အဆောက်အအုံအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အခမ်းအနားကို ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ဆရာဝန် ဒေါက်တာနေဝင်းတို့က အမှာစကားပြောကြားကြပြီး ကျေးရွာဥက္ကဋ္ဌ ဦးကျော်ရွှေက ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံဖြစ်မြောက် အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ရမှု အခြေအနေများရှင်းလင်းတင်ပြပြီး အဆောက်အအုံနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို မြို့နယ်ဆရာဝန်ထံ လွှဲပြောင်းပေးအပ်သည်။ **(ဝဲပုံ)**

တည်ဆောက်ခဲ့

အဆိုပါ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံမှာ မြေအကျယ်အဝန်း အလျား ပေ၁၀၀၊ အနံ ၇၅ ပေရှိ မြေကွက်တွင် အလျား ၂၄ပေ၊ အနံ၁၆ပေရှိ သွပ်မိုးအုတ်ကာ တစ်ထပ် အဆောက်အအုံဖြစ်ပြီးကိုယ့်အားကိုယ်ကိုး ငွေကျပ် ၁၉၈၃၁၀၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မကွေးတိုင်း မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၁၃ရက်က မန်းရွှေစက်တော်အထူးတံတား မုခ်ဦးရှေ့တွင်ကျင်းပရာ မကွေးဆရာတော်ဘဒ္ဒန္တကုမာရနှင့် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ပွဲတော်ကာလတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နိုင်ငံတော်ဖွံ့ဖြိုးရေး လုပ်ငန်း မှတ်တမ်းဓာတ်ပုံများကို ပြခန်းဖွင့်လှစ်ခဲ့ကြသည်။)

(ခရိုင်ပြန်/ဆက်)

အမ်းမြို့နယ် တပ်တောင်ရွာတွင်းဈေးလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်း၍ ကျောက်ချောလမ်းခင်းကျင်းမှု ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ၁ ရက်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။ (မြို့နယ်စည်ပင်)

ထိန်ငူကြီး–မှော်သေး–ကြာအင်းလမ်းသစ်ဖွင့် ငွေကျပ် သိန်း ၆၀ ကျော် အကုန်အကျခံဆောင်ရွက်

ကျုံပျော် ဖေဖော်ဝါရီ ၁၂

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် ထိန်ငူကြီး–မှော်သေး–ကြာအင်းလမ်း အပိုင်း(၁) လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၇ ရက်နံနက်က အဆိုပါ လမ်းသစ်မုခ်ဦးရှေ့တွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် တိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်အောင်ငွေ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဦးလွင်နှင့် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်မင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆောင်ရွက်ခဲ့

အဆိုပါ ကျောက်ချောလမ်းမှာ အရှည်ပေ ၅၂၁၀၊ အကျယ် ၈ပေရှိပြီး ငွေကျပ် ၆၁၁၆၂၅၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၅

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့မဈေးကြီး မီးဘေးလုံခြုံရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက်က ဈေးကြီးအတွင်းတွင် ကျင်းပသည်။

လက်တွေ့သရုပ်ပြ

မီးဘေးကြိုတင်လေ့ကျင့်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးငွေဝင်းနှင့် (ဈေး)ဒုတိယဦးစီးမှူး ဦးဝင်းမြတ်သိန်း ကြီးကြပ်သော ဈေးတာဝန်ခံများ၊ ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ စုပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်မှုများကို ဆောင်ရွက်ကြကြောင်း သိရသည်။ **(ဝ၆၁)**

ပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှုဖွင့်ပွဲ သနပ်ပင်၌ကျင်းပ

သနပ်ပင် မတ် ၁

ပဲခူးတိုင်း သနပ်ပင်မြို့နယ် ခရမ်း စံပြကျေးရွာ အင်္ဂမအကြိမ် အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ရက်က ခရမ်းစံပြကျေးရွာ ဓမ္မာရုံ၌ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရမ်းစံပြကျေးရွာတိုက်နယ်ဆရာဝန် ဒေါက်တာဇော်ဝမ်းက ပတ်ဝန်းကျင် သန့်ရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုအတွင်း ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ **(အောက်ပုံ)**

ထို့နောက် ဖေဖော်ဝါရီလအတွင်း စံချိန်စံညွှန်းနှင့် ပြည့်စုံသော ယင်လုံအိမ်သာများ ဆောက်လုပ်ခဲ့သူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ကျေးရွာမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တင်အေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(၃၄၇)**

ဇန်နဝါရီ၂၇ ရက်က မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာတွင် နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပရာ ရန်ကုန်တိုင်း ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးတင်အောင်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (က–ပ)

စာမျက်နှာ (၁၅) မှ အဆက်

ထိုအခါဝင်ငွေအဆင့်(၂)ဆင့်တွင် ကောက်ခံသည့် အခွန်နှုန်းများကို တွက်ချက်ပြီး ဝင်ငွေအဆင့်မြင့်မားလာသည့်အခါ အခွန်နှုန်းမြင့်မားလာလျှင် နှုန်းတိုးခွန်၊ အခွန်နှုန်းနိမ့်ကျသွားလျှင် နှုန်းလျော့ခွန်နှင့် အခွန်နှုန်းမပြောင်းလဲလျှင် အချိုးတူခွန်ဖြစ်ကြောင်းကို သုံးသပ်ပြရပါမည်။

အခန်း(၆) အပြည်ပြည်ဆိုင်ရာ စီးပွားရေးဆက်သွယ်မှုများ အခန်းတွင် ပို့ကုန်ဈေးဆနှုန်းကိန်းနှင့် သွင်းကုန်ဈေးဆနှုန်းကိန်းများကို ပေးထားပြီးကုန်ဖလှယ်မှုအချိုးကို သုံးသပ်ခိုင်းနိုင်ပါသည်။

ကုန်ဖလှယ်မှုအချိုးသည် (၁၀၀)ထက်များပါက ကုန်ဖလှယ်မှုအချိုးတက်လာပြီး၊ အခွင့်သာသော ကုန်ဖလှယ်မှုအချိုးဖြစ်သောကြောင့် ပို့ကုန်တင်ပို့မှုမှရရှိသည့်ငွေဖြင့် သွင်းကုန်ပို၍ဝယ်ယူလာနိုင်ပါသည်။ ကုန်ဖလှယ်မှုအချိုးသည် (၁၀၀)ထက်နည်းပါက ကုန်ဖလှယ်မှုအချိုးကျဆင်းသဖြင့် အခွင့်မသာသော ကုန်ဖလှယ်မှုအချိုးဖြစ်သောကြောင့် ပို့ကုန်တင်ပို့မှုမှ ရငွေဖြင့် ဝယ်ယူနိုင်သည့် သွင်းကုန်ပမာဏ ယခင်ကထက် လျော့နည်းကြောင်း သုံးသပ်ရပါမည်။

ဖော်ပြခဲ့သည့်အတိုင်း တက္ကသိုလ်ဝင်တန်း ဘောဂဗေဒဘာသာရပ်ကို လေ့လာလျက် ဖြေဆိုကြလျှင် ဘောဂဗေဒဘာသာရပ်တွင် အမှတ်ကောင်းများ၊ ဂုဏ်ထူးများဖြင့် အောင်မြင်ကြမည်ဖြစ်ကြောင်း မှာကြားလိုက်ပါသည်။ ။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဘူလ်ဂေးရီးယားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၃

၂၀၀၅ ခုနှစ် မတ် ၃ ရက်တွင် ကျရောက်သည့် ဘူလ်ဂေးရီးယား သမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆင်မီယွန်၊ ဆက်ဆေ-ကိုဘာ့ဂ်၊ ဂိုသာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဖျာပုံမြို့ ကန်တော်ကြီး သောက်ရေကန်ရေပေးရေးလုပ်ငန်းဖွင့် ရပ်ကွက်သုံးရပ်ကွက်နေ ပြည်သူ ၉၀၀၀ကျော် သန့်ရှင်းသော သောက်သုံးရေရရှိပြီ

ဧရာဝတီတိုင်း ဖျာပုံမြို့ ကန်တော်ကြီးသောက်ရေကန်မှ မြို့ရေပေးရေးလုပ်ငန်း စီမံကိန်းဖွင့်ပွဲအခမ်းအနား အစီအစဉ်အပိုင်း(၁)ကို ကန်တော်ကြီးအဝင်မုခ်ဦးတွင် ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (နယ်စပ်/စည်ပင်)

ရန်ကုန် မတ် ၂

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖျာပုံမြို့ ကန်တော်ကြီးသောက်ရေကန်မှ မြို့ရေပေးရေး ဖွင့်ပွဲအခမ်းအနားကို မတ် ၁ ရက်က ဖျာပုံမြို့ ကန်တော်ကြီး ရေပေးရေးစက်ရုံရှေ့ရှိ ဖွင့်ပွဲမုခ်ဦး၌ ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဖျာပုံမြို့နယ် ကန်တော်ကြီးသောက်ရေကန်မှ မြို့ရေပေးရေးလုပ်ငန်းစီမံကိန်း ဖွင့်ပွဲအခမ်းအနား အစီအစဉ် အပိုင်း(၁)ကို ဖျာပုံမြို့ ကန်တော်ကြီးအဝင် မုခ်ဦးတွင် ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ *စာမျက်နှာ ၆ ကော်လံ ၄* ●

မြို့ပြအိမ်ရာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း-သတင်းထောက်သန်းဆွေ(ပန်းဘဲတန်း)

ရွှေမြယာအဆင့်မြင့် အိမ်ရာစီမံကိန်း

မြို့ပြအိမ်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ငပလီဆောက်လုပ်ရေးကုမ္ပဏီ လီမိတက်တို့ အကျိုးတူပူးပေါင်းဆောက်လုပ်နေသည့် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရွှေမြယာအဆင့်မြင့် အိမ်ရာစီမံကိန်းကို တွေ့ရစဉ်။ ဓာတ်ပုံ-သတင်းထောက်သန်းဆွေ(ပန်းဘဲတန်း)

ရန်ကုန် မတ် ၂

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်ကြီးကို မြို့တော်အင်္ဂါရပ်များနှင့်အညီ နိုင်ငံတကာအဆင့်မီ မြို့တော်ကြီးအဖြစ် ရောက်ရှိစေရန် မွမ်းမံခြင်း၊ ထိန်းသိမ်းခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် မြို့တော်နေပြည်သူများ၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး၊ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရေး အစရှိသည်တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

မြန်မာ့အလင်း ခေါင်းကြီး အညွှန်း

❑ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးတွင် အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတာတမံ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေး လုပ်ငန်းများကို နိုင်ငံတော်ဘဏ္ဍာငွေ အမြောက်အမြားကျခံသုံးစွဲ၍ တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိ။

ခေါင်းကြီး (စာ-၂)